# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 22 October 2025 ၁၁၉၇၈


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါများခြင်းပင်ဖြစ်

## နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသားကျောင်းသူများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-1)၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။


**ယနေ့ ဖတ်စရာ**

MSMEs **သည် တိုးတက်မှု၏အခြေခံ ဖွံ့ဖြိုးမှု၏ ဒေါက်တိုင်**
ဆောင်းပါး စာမျက်နှာ » ၆

**(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ကျင်းပမည်**
စာမျက်နှာ » ၈

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးနှင့် အမိုးသွပ်ပြားများအား အထူးကုန်ရထားဖြင့် ပို့ဆောင်**
စာမျက်နှာ » ၁၀

ကြေးမုံ

# ပြည်တွင်းစားရေရိက္ခာဖူလုံရေးကြိုးပမ်း နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးမြှင့်တင်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်။ ရေခံမြေခံကောင်းများနှင့် သဘာဝသယံဇာတများ ပေါများကြွယ်ဝသည်။ စပါး၊ ပဲ၊ ပြောင်း စသည့်စားသုံးသီးနှံများ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်သည့်အပြင် ဝါ၊ ဝါး၊ လျှော်၊ ရော်ဘာ စသည့်စက်မှုကုန်ကြမ်းသီးနှံပင်များလည်း နိုင်ငံအနှံ့အပြား၌ စိုက်ပျိုးထွက်ရှိသောကြောင့် အမှန်တကယ် အလုပ်လုပ်ကြမည်ဆိုလျှင် တိုင်းပြည်တွင် စားရေရိက္ခာဖူလုံပိုလျှံပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာမည်မှာ အမှန်ကေန်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သီးနှံမျိုးစုံစိုက်ပျိုးနိုင်သည့် မြေဧရိယာဟက်တာ ၁၂ သန်းခန့်ရှိသည်။ စပါး၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ စက်မှုကုန်ကြမ်းသီးနှံများ၊ စားဖိုဆောင်သီးနှံများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် အစရှိသည့် သီးနှံအမျိုးပေါင်း ၆၁ မျိုးခန့်ကို နှစ်စဉ်စိုက်ပျိုးလျက်ရှိသည်။ စက်မှုသီးနှံများတွင် ရာသီသီးနှံများ၊ နှစ်တိုသီးနှံများ၊ နှစ်ရှည်သီးနှံများရှိသည်။ ဝါသည် ရာသီသီးနှံဖြစ်ပြီး ကြံသည် နှစ်တိုသီးနှံဖြစ်သည်။ ကော်ဖီ၊ ရော်ဘာတို့ကဲ့သို့ သီးနှံများသည် နှစ်ရှည်သီးနှံများဖြစ်သည်။ ဝါကို မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးနေပြီး စုစုပေါင်း ဝါစိုက်ဧက ငါးသိန်းခန့်ရှိသည်။ လက်ရှိဖြစ်တည်နေသော စိုက်ဧကဖြင့် တစ်ဧကအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းမည်။

စားရေရိက္ခာများဖူလုံရေးအတွက်နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ ဒေသအလိုက် အသားငါးများ ဖူလုံပေါ်များစေရေး ဆောင်ရွက်ပေးရာတွင် စိုက်ပျိုးမွေးမြူရေးဇုန်များ တည်ထောင်ဆောင်ရွက်လျက်ရှိသည်။ ဒေသတွင်းနေထိုင်သည့် လူဦးရေအလိုက် စားရေးဖူလုံမှုရှိစေရေး အဆင့်ဆင့်တိုးမြှင့်မွေးမြူဆောင်ရွက်သွားရမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စားရေးကို အထောက်အကူပြုစေရန်အတွက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပထမအဆင့် ၂၅ ရာခိုင်နှုန်း၊ ဒုတိယအဆင့် ၄၀ ရာခိုင်နှုန်း ဖူလုံစေရန်နှင့် နောက်ဆုံးအဆင့်တွင် ၁၀၀ ရာခိုင်နှုန်းဖူလုံစေရေး အဆင့်ဆင့် တိုးမြှင့်၍ စီမံချက်ချ ဆောင်ရွက်သွားရမည်ဖြစ်သည်။

ယမန်နှစ်က စပါးသီးနှံစိုက်ဧရိယာ ဟက်တာ ၇ ဒသမ ၁၈ သန်းကျော်တွင် အထွက်မက်ထရစ်တန် ၂၉ ဒသမ ၉၄ သန်းကျော် ထွက်ရှိခဲ့သည်။ ဆီထွက်သီးနှံများ စိုက်ဧရိယာ ဟက်တာ ၃ ဒသမ ၃၄ သန်းကျော်တွင် အထွက်မက်ထရစ်တန် ၃ ဒသမ ၂၃ သန်းကျော်ထွက်ရှိပြီး ပဲမျိုးစုံသီးနှံများ စိုက်ဧရိယာဟက်တာ ၂ ဒသမ ၇၆ သန်းကျော်တွင် အထွက်မက်ထရစ်တန် ၄ ဒသမ ၁၃ သန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည်။ ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများ တိုးချဲ့စိုက်ပျိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နေကြာသီးနှံစိုက်ပျိုးရေးကို အထူးဦးစားပေး ဆောင်ရွက်ကာ ပြည်တွင်းစားသုံးဆီလိုအပ်မှုကို ဖြည့်ဆည်းပေးပြီး ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

သီးနှံစိုက်ပျိုး ထုတ်လုပ်မှုတိုးတက်စေရေးနှင့် တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ၂၈၆ ဒသမ ၁ ဘီလီယံဖြင့် မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံများ စိုက်ပျိုးခြင်းအစီအစဉ်များကို နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ၃၂ ဘီလီယံဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသားတိုးကြက်၊ ဥစားဘဲနှင့် အသားတိုးဝက် မွေးမြူရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေရရှိရေး ရေပေးဝေရေးလုပ်ငန်းများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ သုည ဒသမ ၆၀၄ ဘီလီယံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပိုမိုကောင်းမွန်သည့်ဘဝနှင့် အနာဂတ်ကို ရရှိပိုင်ဆိုင်နိုင်ရေးအတွက် ပြည်သူအားလုံးကို စားရေရိက္ခာဖူလုံပြည့်မီအောင် ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ နိုင်ငံသားတိုင်း တစ်ယောက်မကျန် လုံလောက်သော စားရေရိက္ခာရပိုင်ခွင့်၊ ပိုမိုကောင်းမွန်သော ကုန်ထုတ်လုပ်မှုနှင့် ပြည့်ဝသော အာဟာရရရှိခွင့်၊ ပိုမိုကောင်းမွန်သော လူမှုဘဝနှင့် ပတ်ဝန်းကျင်များရရှိစေရန်အတွက် ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးနှင့် စားရေရိက္ခာထုတ်လုပ်မှုစနစ်များ မြှင့်တင်ဆောင်ရွက်ရန် လိုအပ်သည်။ ကုန်ထုတ်လုပ်မှု အသွင်ကူးပြောင်းရန်၊ ရင်းနှီးမြှုပ်နှံမှုများနှင့် တီထွင်ဆန်းသစ်မှုများ မြှင့်တင်ရန်၊ စိုက်ပျိုးရေး စားရေရိက္ခာစနစ်တွင် ပါဝင်ပတ်သက်သူများအချင်းချင်း ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်သွားရန်တို့ကို ဦးစားပေး အလေးထားဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း၌ စားရေရိက္ခာဖူလုံပိုလျှံပြီး နိုင်ငံ့စီးပွားရေးလည်း တိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း။ ။

## တာဝန်မှအနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
**အမိန့်အမှတ်၊ ၄၅ / ၂၀၂၅**
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဒေါက်တာ မာလာအောင် အား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
**အမိန့်အမှတ်၊ ၄၆ / ၂၀၂၅**
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဒေါ်ဥမ္မာအေး အား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ၂၁ - ၁၀ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁ - ၁၀ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၂၃၆ | ၁,၉၈၂,၄၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၅၀ | ၅,၀၄၇ | ၁၇,၃၆၈,၆၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၁ | ၇,၇၀၀ |
| FPB | ၂,၅၀၀ | ၂,၄၀၀ | ၃၆၉ | ၉၂၂,၄၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၆၀၀ | ၁,၆၅၀,၀၀၀ |
| EFR | ၁,၈၀၀ | ၁,၈၅၀ | ၂,၅၆၃ | ၄,၆၆၄,၈၀၀ |
| AMATA | ၃,၅၅၀ | ၃,၅၀၀ | ၄၇၀ | ၁,၆၆၀,၀၀၀ |
| MAEX | ၃,၄၀၀ | ၃,၃၅၀ | ၃၄၁ | ၁,၁၄၂,၄၀၀ |
| MADPL(PLB) | ၂,၇၅၀ | ၂,၇၅၀ | ၂၀၀ | ၅၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနိုင်မည့် ပညာရေးဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရေး လေ့ကျင့် ပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်ပြီး ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ၁၉၉၁ ခုနှစ် မေလ ၁၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးပြီး နယ်စပ်ဒေသများတွင် တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာများ သင်ယူနိုင်အောင် မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် ယခုအခါ သင်တန်းဆင်း ဆရာ ဆရာမ စုစုပေါင်း ၁၄၅၁၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မောင်တို့မယ်တို့အားလုံးသည်လည်း မကြာခင်ကာလအတွင်း သင်တန်းဆင်းပြီး ပညာရေးဝန်ထမ်း၊ ဆရာ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သဖြင့် သိသင့်သိထိုက်သည့်အချက်များနှင့် လိုက်နာရမည့်အချက်များကို မှာကြားလိုကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ် နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်ပါက အားနည်းချက်ရှိခဲ့ခြင်းကြောင့် ဒေသအချို့တွင်ဖွံ့ဖြိုးတိုးတက်မှုများနောက်ကျနေခြင်းကိုလည်း တွေ့မြင်နေရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် **“နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး”** ဆိုသည့်ဦးတည်ချက်ချမှတ်ပြီး ပညာရေးကဏ္ဍတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

ဆရာဆိုသည်မှာ လူသားအချင်းချင်း ချစ်မြတ်နိုးတတ်စေရန် လမ်းပြပေးသူ၊ တပည့်များ၏ ဘဝနှင့် လောကကို အလှဆင်ပေးသူ၊ သောကကို ဖြေဖျောက်ပေးသူများ ဖြစ်ကြသည့်အတွက် လူ့အဖွဲ့အစည်းခေါင်းဆောင်၊ ဒုတိယမိဘများဖြစ်သည်ဟု တင်စားသတ်မှတ်ကြကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် မိမိတို့တပည့်များကို စာကိုလည်း သင်ပြီး စိတ်ကိုလည်း ပြင်ပေးကြရမည်၊ မိမိတို့တပည့်များကို လူသားအချင်းချင်းအပေါ် ကိုယ်ချင်းစာစိတ် ထားတတ်အောင်၊ အတ္တကိုယ်ကျိုးနှင့်ယှဉ်ပြီး ပရဟိတအများအကျိုး ဆောင်လိုစိတ်များ ဖြစ်ပေါ်လာအောင် သင်ကြားဆုံးမပေးကြရမည်၊ **“ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား”** ဆိုသည့် မြန်မာစိတ်ထားကို နှလုံးသားထဲ စိမ့်ဝင်နေအောင် လမ်းညွှန်ပေးကြရမည်ဖြစ်ကြောင်း။

အမှားနှင့်အမှန်ကို ခွဲခြားနိုင်စေရန်၊ အကောင်းနှင့် အဆိုး၊ အကြောင်းနှင့် အကျိုးကို မှန်ကန်စွာ နားလည်နိုင်ကြရန်ကိုလည်း သွန်သင် ဆုံးမပေးကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ အနာဂတ်သည်ဆရာများ၏ ပညာအရည်အချင်းနှင့် စိတ်စေတနာအပေါ်တွင် တည်မှီနေခြင်းကြောင့် မောင်တို့မယ်တို့အနေဖြင့် ဆရာများတွင် ရှိအပ်သော ဆရာ့ဂုဏ်အင်္ဂါခုနစ်ပါးဖြစ်သည့် ရိုသေထိုက်သော ဂုဏ် ရှိခြင်း၊ ချစ်ခင်ထိုက်သော ဂုဏ် ရှိခြင်း၊ ချီးမွမ်းထိုက်သော ဂုဏ် ရှိခြင်း၊ တပည့်များ လွဲမှားနေပါက အမုန်းခံ၍ တည့်မတ်ပေးခြင်း၊ မေးလာသမျှကို ဖြေဆိုပေးနိုင်ခြင်း၊ နက်နဲသောသဘောတရားကို ဟောကြားပေးနိုင်ခြင်း၊ အကျိုးနည်းမည့်နေရာကို မတိုက်တွန်းဘဲ အကျိုးများမည့်နေရာကို တိုက်တွန်းခြင်းစသည့် ဂုဏ်များနှင့် ပြည့်စုံကြရန်လိုအပ်ကြောင်း၊ ထို့ပြင် စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာဆိုသည့် နာလေးနာဖြင့် တပည့်များကို ပညာပြည့်ဝ နှလုံးလှအောင် လေ့ကျင့်သင်ကြားပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင် တည့်မတ်ပေးရေးသည် ဆရာ ဆရာမများ၏ တာဝန်ပင် ဖြစ်ကြောင်း၊ မောင်တို့မယ်တို့ကဲ့သို့ တိုင်းရင်းသား ဆရာ ဆရာမများသည် အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသဖြင့် ကျောင်းဆင်းပြီး ကျရာဒေသများတွင် တာဝန်ထမ်းဆောင်သည့်အခါ မိမိတို့ တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့် ပြည့်ဝသော ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန် အလေးထားမှာကြားလိုကြောင်း၊ **စာမျက်နှာ ၄ သို့** ☆

- **မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ရေးသည် နိုင်ငံအေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှအရေးကြီးသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့် မောင်းနှင်အားတစ်ရပ်လည်းဖြစ်**
- **နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရာတွင်လည်း တိုင်းရင်းသားပြည်သူအားလုံးက ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် အတူတကွပူးပေါင်းဆောင်ရွက် သွားကြရမည်**

☆ စာမျက်နှာ ၃ မှ

ထို့ကြောင့် မောင်တို့ မယ်တို့အနေဖြင့် ဆရာများတွင် ရှိအပ်သည့် ပညာအရည်အချင်း၊ စိတ်စေတနာနှင့် အကျင့်သိက္ခာများကို အမြဲတစေ ဖြည့်ဆည်းထိန်းသိမ်းကြရန် မှာကြားလိုကြောင်း။

ကျောင်းနေအရွယ် ကလေးတိုင်း ပညာသင်ယူဆည်းပူးနိုင်ရေးအတွက် မောင်တို့ မယ်တို့က သက်ဆိုင်ရာ မိဘများ၊ ဒေသအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများကိုလည်း အချိန်မတိုင်မီ ကျောင်းထွက်မှု လျော့ပါးပြီး တန်းစဉ်ကူးပြောင်းနှုန်း မြင့်မားစေရေး၊ တန်းစဉ်အလိုက် စာပေ အတတ်ပညာများ တတ်မြောက်အောင် သင်ကြားပေးရေး၊ အမှားအမှန်ကို ခွဲခြားသိမြင်နိုင်ပြီး ဉာဏ်ပညာနှင့် တည်ဆောက်တတ်သည့် လူငယ်များ ဖြစ်လာစေရေးတို့ကို ပြုစုပျိုးထောင်ပေးကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

စာသင်ကျောင်း ဆိုသည်မှာ စာပေသင်ကြားပေးသည့် နေရာ

❖ လက်ရှိကာလ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတွင်ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို ကြည့်မည်ဆိုပါက နိုင်ငံအတွင်းတွင် နေထိုင်ကြသည့် နိုင်ငံသူ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်မှုတို့ကို မဖြစ်မနေ တည်ဆောက်ရန်လိုသည်ကို တွေ့နိုင်

❖ စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံ့အင်အားကို တောင့်တင်းခိုင်မာစေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့အကျိုးစီးပွားကို ဖြစ်ထွန်းစေကြောင်း၊ “ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်” ဆိုသည့် စကားနှင့်အညီ တိုင်းပြည်ကို ပြည်တွင်းအင်အားနှင့်သာ တည်ဆောက်ကြရမည်

သက်သက်သာ မဟုတ်ဘဲ ပညာရေး၏ အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများ ပေးအပ်ခြင်းအပြင် စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန် ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးနေသည့်နေရာမျိုးလည်း ဖြစ်ရန်လိုကြောင်း၊ **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”** ဆိုသည့်အတိုင်း မိမိတို့၏တပည့် ကျောင်းသား ကျောင်းသူများကို ကျောင်းစည်းကမ်း လိုက်နာခြင်းမှအစပြုပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသား အလေ့အကျင့်ကောင်းများကိန်းအောင်းလာအောင် လေ့ကျင့် ပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြား လိုကြောင်း။

မိမိတို့ နိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ရေးသည် နိုင်ငံအေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှ အရေးကြီးသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် ကြီးမားသည့် မောင်းနှင်အားတစ်ရပ်လည်းဖြစ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် လုပ်ဆောင်ရာ တွင်လည်း တိုင်းရင်းသား ပြည်သူအားလုံးက ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် အတူတကွပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် လက်ရှိကာလ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတွင်ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို ကြည့်မည်ဆိုပါက နိုင်ငံအတွင်းတွင် နေထိုင်ကြသည့် နိုင်ငံသူ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်မှုတို့ကို မဖြစ်မနေတည်ဆောက်ရန် လိုသည်ကို တွေ့နိုင်ကြောင်း၊ စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံ့အင်အားကို တောင့်တင်းခိုင်မာစေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့အကျိုးစီးပွားကို ဖြစ်ထွန်းစေကြောင်း၊ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုသည့် စကားနှင့်အညီ တိုင်းပြည်ကို ပြည်တွင်း အင်အားနှင့်သာ တည်ဆောက်ကြရမည် ဖြစ်ကြောင်း။

ထို့ကြောင့် မောင်တို့မယ်တို့ တိုင်းရင်းသားများသည် မြန်မာစိတ်မွေးပြီး **“ငါတို့ အားလုံးသည် မြန်မာ (We are Myanmar)”** ဆိုသည့်စိတ်၊ တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်သည့် အမျိုးသား စိတ်ဓာတ်များဖြင့် နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုသကဲ့သို့ ဒေသအသီးသီးက တပည့်ကျောင်းသား လူငယ်များကိုလည်း အကောင်းမြင်စိတ်၊ ပူးပေါင်းပါဝင်ဆောင်ရွက်လိုစိတ်၊ စည်းလုံးညီညွတ်မှုစိတ်၊ ရိုင်းပင်းကူညီစိတ်စသည့် စိတ်ဓာတ်များ ရှင်သန် ဖြစ်ထွန်းနေအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ရေးသည် ပြည်ထောင်စုသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်ခြင်းကြောင့် နိုင်ငံသူ နိုင်ငံသားအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကာ နိုင်ငံတော်ကိုဝိုင်းဝန်းကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွက် အသက်တမျှ အရေးကြီးသည့် **ပြည်ထောင်စုစိတ်ဓာတ်**ကို မောင်တို့ မယ်တို့ အနေဖြင့် အမိဖွံ့ဖြိုးရေးတက္ကသိုလ်တွင် အတူတကွ ပညာသင်ကြရင်းဖြင့် ရင်ထဲတွင် စွဲမြဲခံယူကြပြီး ဖြစ်သည်ဟုလည်း ယုံကြည်ကြောင်း၊ ထို့ကြောင့် မောင်တို့ မယ်တို့အနေဖြင့် ဖွံ့ဖြိုးရေး တက္ကသိုလ် ကျောင်းဆင်းများ ပီသစွာ မိမိတို့တာဝန်ကျရာဒေသများတွင် တိုင်းရင်းသားပြည်သူများအကြား **ပြည်ထောင်စုစိတ်ဓာတ်** ရှင်သန်ထွန်းကားလာပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးချစ်ခင် ညီညွတ်လာအောင် စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မောင်တို့ မယ်တို့သည် နိုင်ငံတော်က ပြုစုပျိုးထောင်ထားသည့် သားသမီးများ ဖြစ်သည့်အတွက် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည့် **“ဒို့တာဝန်အရေး (၃)ပါး”** ကို အခြေခံပြီး အမျိုးသားနိုင်ငံရေး တာဝန်ဖြစ်သည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်နှင့် အတူ လက်တွဲပါဝင်ဆောင်ရွက်ကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ရည်မှန်းထားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရန် အတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန် အရေးကြီးကြောင်း၊



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား ကျောင်းသူတို့က အမှတ်တရလက်ဆောင်ပစ္စည်းအား ဂါရဝပြုပေးအပ်စဉ်။

ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရန် ပြည်သူလူထု၏ စစ်မှန်သည့် လိုလားချက်ဖြစ်သော လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ဖြစ်စေရန်နှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရန်ကိုလည်း ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့ အနေဖြင့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲကို သတ်မှတ်ကာလ အတွင်း အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းစဉ်များတွင် ကျရာ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့ တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့် ပြည့်ဝသည့် ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပြီး အနာဂတ်နိုင်ငံတော်အတွက် အားထားရသည့် လူတော် လူကောင်းများ ဖြစ်လာအောင် လေ့ကျင့် ပျိုးထောင်ပေးကြရန်၊ အနာဂတ်နိုင်ငံတော်ကို ပုံဖော်ကြမည့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူလူငယ်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှိလာအောင် ယုံကြည်ချက်၊ ခံယူချက်ကောင်းသူများ ဖြစ်လာအောင် ပြုစုပျိုးထောင် လေ့ကျင့်ပေးကြရန်၊ မိမိတို့နိုင်ငံအတွက် လိုအပ်နေသည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်၊ ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေး အတွက် ဒို့တာဝန်အရေး (၃)ပါးကို အစဉ်ဦးထိပ်ထားပြီး တိုင်းရင်းသား ပြည်သူများအကြား တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ရရှိလာအောင် စည်းရုံးဦးဆောင်ပေးကြရန်၊ မောင်တို့မယ်တို့အနေဖြင့် ပညာတတ်သည့် မျိုးဆက်နှင့် တိုးတက်သည့် နိုင်ငံတော်ကို ထူထောင်နိုင်ရေးတွင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက် တာဝန်ထမ်းရွက်သည့် နိုင်ငံ့သားကောင်း ရတနာများ ဖြစ်ပါစေဟု ဆုတောင်းမေတ္တာပို့သကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၇)မှ ကျောင်းသား ကျောင်းသူများ ကိုယ်စား ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ကရင်တိုင်းရင်းသား စကျော်ဇေယျာဖြိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌထံ ကျောင်းသား ကျောင်းသူ နှစ်ဦးက အမှတ်တရလက်ဆောင် ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား ကျောင်းသူများသည် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ကျောင်းသား ကျောင်းသူများကို တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံမေးမြန်း နှုတ်ဆက် အားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရည်မှန်းထားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရန်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် အရေးကြီး

❖ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရန် ပြည်သူလူထု၏ စစ်မှန်သည့်လိုလားချက်ဖြစ်သော လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဖြစ်စေရန်နှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရန်ကိုလည်း ဆောင်ရွက်နေ

❖ မောင်တို့မယ်တို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတမှုရှိသည့် ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလို

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်
၆၇ ရက်
သာ လိုတော့သည်။

- ☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၃/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာတာသံရုံး ယာယီတာဝန်ခံ ဒေါက်တာ ရာရှစ် အက်ဘ်ဒူလာ အမ်အေ အယ်လ် ကူဝါရီ အား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ထမ်းဆောင်မှုကာလ ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် ကာတာသံရုံးယာယီတာဝန်ခံ ဒေါက်တာ ရာရှစ် အက်ဘ်ဒူလာ အမ်အေ အယ်လ် ကူဝါရီအား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ကာတာ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးရန်ရှိသည့် သဘောတူစာချုပ်များနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန်ကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## သံအမတ်ကြီး ဦးစိန်ဦး ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၂**

ဘရူနိုင်းဒါရူဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိန်ဦးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အီစတာနာ နန်းတော်၌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာ အဗ်နီ အယ်လ်မာဟွန် ဆူလ်တန် ဟာဂျီ အိုမာအလီ ဆိုင်ဖူဒင် ဆအာဒူလ် ခိုင်ရီ ဝါဒင်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

## ဆီဆိုင်မြို့နယ်၌ မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဆီဆိုင် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းမှန်ကန်မှုရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် မြို့နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်ကျော်ရန်က မြို့နယ်အတွင်း မဲစာရင်းမှန်ကန်မှုရှိစေရေးနှင့် ကွဲလွဲမှုမရှိစေရေးအတွက် မြေပြင်ကွင်းဆင်း တိုက်ဆိုင် စစ်ဆေးဆောင်ရွက်သွားရန်နှင့် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်တို့ကို ဆွေးနွေးပြောကြားပြီး မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးထွန်းမြင့်ဝင်းက မဲစာရင်းမှန်ကန်ရန်အတွက် ဖြည့်စွက်မှု၊ ပြင်ဆင်မှု၊ လွဲမှားမှုမရှိစေရေး ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက် လာကြသူများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းတာဝန်ကိစ္စရပ်များ၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေးနှင့် မြေပြင်ကွင်းဆင်း ဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# MSMEs သည် တိုးတက်မှု၏အခြေခံ ဖွံ့ဖြိုးမှု၏ ဒေါက်တိုင်

သန်းဇော်(ဗဟိုစာရင်းအင်းအဖွဲ့)

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (Micro, Small and Medium Enterprises – MSMEs) သည် ကမ္ဘာ့နိုင်ငံအားလုံးနီးပါးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သကဲ့သို့ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထို့ပြင် ဒေသအလိုက်တိုးတက်မှု (မြို့ပြ၊ မြို့ငယ်၊ ကျေးလက်ဒေသအားလုံးတွင်) ကို ဖြစ်ပေါ်စေနိုင်ပြီး ဈေးကွက်သက်ရောက်မှုအဖြစ် နိုင်ငံတကာကုန်သွယ်ရေး၏ အခြေခံအဆောက်အအုံလည်းဖြစ်ပါသည်။ သုတေသနများအရ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်း စုစုပေါင်း၏ ၉၉ ရာခိုင်နှုန်းခန့်သည် MSME များဖြစ်ကြပြီး အလုပ်အကိုင် ၇၀ ရာခိုင်နှုန်းကျော်ကို ပံ့ပိုးပေးနေပါသည်။**

MSME များသည် ငွေကြေးလှည့်ပတ်စီးဆင်းမှု အားကောင်းစေခြင်း၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ခြင်းနှင့် ဆင်းရဲနွမ်းပါးမှုကျဆင်းစေခြင်းတို့ကို များစွာအထောက်အကူဖြစ်စေပါသည်။ နိုင်ငံတော်အစိုးရက တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေးတို့အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေး တိုးတက်စေရန် ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်သကဲ့သို့ One Region , One Product ဖြစ်စေရေး၊ ဒေသထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

MSME များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်း၍ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် MSMEs ဖွံ့ဖြိုးတိုးတက်စေရေးကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၊ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ စသည့် လုပ်ငန်းအကောင်အထည်ဖော်သည့် အထောက်အကူပြုအဖွဲ့များကိုလည်း ဖွဲ့စည်းခဲ့ပါသည်။

အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် စီးပွားရေးနှင့်ဆက်စပ်သည့်သတင်းအချက်အလက်၊ နည်းပညာအထောက်အကူများနှင့် ငွေကြေးပံ့ပိုးမှုများ လွယ်ကူစွာရရှိနိုင်ရန်၊ ပြည်တွင်းပြည်ပဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်လာစေရန်၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းဆိုင်ရာ အခက်အခဲနှင့် အဟန့်အတားများ လျော့ပါးစေရန် ရည်ရွယ်၍ "အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ" ကို ၂၀၁၅ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး "အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနည်းဥပဒေ" ကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

ယခုအခါ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို MSMEs ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအဖြစ် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ သို့သော် MSME လုပ်ငန်းများ အဓိကကြုံတွေ့နေရသည့် ငွေကြေးရယူရန် အခက်အခဲများ (loan, credit access)၊ နည်းပညာရယူနိုင်ရန် အခက်အခဲနှင့် စီးပွားရေးဈေးကွက် အချက်အလက်မလုံလောက်ခြင်းတို့သည် MSMEs တိုးတက်ဖွံ့ဖြိုးမှုတွင် အတားအဆီးများ ဖြစ်နေကြောင်း တွေ့ရပါသည်။

**အသေးစား၊ အငယ်စားနှင့်**
**အလတ်စား စီးပွားရေးလုပ်ငန်းများ**

အသေးစားလုပ်ငန်းများ (Micro Enterprises) သည် အလုပ်သမားအနည်းငယ်နှင့် အဆင့်နိမ့်နည်းပညာကို အသုံးပြုဆောင်ရွက်ကြသောလုပ်ငန်းများ (ဥပမာ– လက်မှုလုပ်ငန်း၊ အိမ်တွင်းမှုလုပ်ငန်းများ၊ မိသားစုအလုပ်သမားများဖြင့် ဆောင်ရွက်သောလုပ်ငန်းများ) ဖြစ်ပါသည်။ အငယ်စားလုပ်ငန်းများ (Small Enterprises)သည် ရင်းနှီးမြှုပ်နှံမှုအနည်းငယ်နှင့် တိကျသော စီးပွားရေးလုပ်ငန်း ပုံစံရှိသော လုပ်ငန်းများ (ဥပမာ – အသေးစားစက်ရုံများ၊ စားသုံးကုန်ထုတ်လုပ်မှုလုပ်ငန်းများ) ဖြစ်ပါသည်။ အလတ်စားလုပ်ငန်းများ (Medium Enterprises) သည် အလုပ်သမားအများအပြား ခန့်ထားနိုင်ပြီး နည်းပညာအသုံးပြုသည့်လုပ်ငန်းများ ဖြစ်ပါသည်။

အိန္ဒိယ၊ တရုတ်၊ ဂျပန်စသည့် နိုင်ငံများသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အခြေခံ၍ နိုင်ငံအဆင့်စီးပွားရေးတိုးတက်စေရန် ဆောင်ရွက်ခဲ့ကြသောနိုင်ငံများဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း MSME လုပ်ငန်းများသည် အလုပ်အကိုင်ပေါင်းစုံ ဖန်တီးနိုင်ခြင်း၊ ဒေသအလိုက် မြို့ပြ၊ ကျေးလက်ဒေသစီးပွားရေးတိုးတက်မှုကို ဖန်တီးပေးခြင်း၊ အိမ်ထောင်စုဝင်ငွေတိုးတက်စေခြင်းတို့ဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

> **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ဒေသအလိုက်တိုးတက်မှု (မြို့ပြ၊ မြို့ငယ်၊ ကျေးလက်ဒေသအားလုံးတွင်) ကို ဖြစ်ပေါ်စေနိုင်ပြီး ဈေးကွက်သက်ရောက်မှုအဖြစ် နိုင်ငံတကာကုန်သွယ်ရေး၏ အခြေခံအဆောက်အအုံလည်းဖြစ်ပါသည်။ သုတေသနများအရ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်း စုစုပေါင်း၏ ၉၉ ရာခိုင်နှုန်းခန့်သည် MSME များဖြစ်ကြပြီး အလုပ်အကိုင် ၇၀ ရာခိုင်နှုန်းကျော်ကို ပံ့ပိုးပေး**

**MSMEs စစ်တမ်းကောက်ယူခြင်း**

အမျိုးသားစီမံကိန်းဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့သည် UNU–WIDER ၏ နည်းပညာအကူအညီဖြင့် ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်၊ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် စစ်တမ်းများ (အရေအတွက်နှင့် အရည်အသွေး) နှစ်မျိုးလုံးကို ကောက်ယူခဲ့ပါသည်။ အဆိုပါစစ်တမ်းများအပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) အခြေအနေတွေ့ရှိချက်များကို သီအိုရီနှင့် လက်တွေ့ပေါင်းစပ်သုံးသပ်၍ အကြံပြုချက်များ ပါဝင်သည့် စစ်တမ်းရလဒ်များကို ထုတ်ပြန်ခဲ့ပါသည်။

လက်ရှိတွင် ဗဟိုစာရင်းအင်းအဖွဲ့သည် ဌာနရှိ အရင်းအမြစ်များဖြင့် MSME စစ်တမ်းကောက်ယူနိုင်ရန်အတွက် ယခင်ကောက်ယူခဲ့သည့် စစ်တမ်းအပေါ် အခြေပြု၍ ခေတ်စနစ်အရ ပြောင်းလဲလာသော စီးပွားရေးလုပ်ဆောင်မှု ပုံသဏ္ဌာန်များနှင့် လိုက်လျောညီထွေဖြစ်စေရေး လိုအပ်သည့် အချက်အလက်များကို ဖြည့်စွက်ပြင်ဆင်ကာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်းကို ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်အထိ သုံးနှစ်ကာလ သတ်မှတ်ပြီး တစ်နိုင်ငံလုံးလွှမ်းခြုံသည့် MSME လုပ်ငန်းများ(ကုန်ထုန်လုပ်မှု)ကို ကောက်ယူနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်၌ တိုင်းဒေသကြီးခြောက်ခုတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်း ၂၀၂၄ ကို ကောက်ယူခဲ့ပြီးဖြစ်ပါသည်။ စစ်တမ်းကောက်ယူရန် ကျန်ရှိနေသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ဆက်လက်ကောက်ယူရန် ဆောင်ရွက်လျက်ရှိပါသည်။

စစ်တမ်းမှရရှိသော အချက်အလက်များသည် မြန်မာ့ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်ထုတ်စွမ်းအား၊ ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို မြှင့်တင်ပေးမည့် မဟာဗျူဟာများနှင့် စီမံချက်များ ရေးဆွဲချမှတ်ရာတွင် မူဝါဒချမှတ်သူများ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များအား အထောက်အပံ့ပေးနိုင်မည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံ၏ MSMEs အခြေအနေ**

မြန်မာနိုင်ငံ၏ MSMEs အခြေအနေကို လေ့လာပါက အောက်ပါအတိုင်း တွေ့ရှိရပါသည်–

(က) မြန်မာနိုင်ငံရှိ MSME များသည် အများအားဖြင့် လုပ်ငန်းအရွယ်အစား သေးငယ်ခြင်း၊ စာရင်းမှတ်တမ်းထားရှိမှုအားနည်းခြင်း၊ နည်းပညာအသုံးပြုမှုနည်းခြင်းနှင့် အထောက်အထားပစ္စည်း (collateral) မရှိခြင်းတို့ကြောင့် ဘဏ်များမှ အတိုးနည်းချေးငွေရယူရာတွင် အခက်အခဲများရှိခြင်း၊

( ခ ) MSME အများစုသည် စာရင်းစနစ်ထားသိုမှု စနစ်တကျမရှိခြင်းကြောင့် လုပ်ငန်းအခြေအနေကို မှန်မှန်ကန်ကန်သိရှိမှု အားနည်းခြင်း၊ ဘဏ်မှချေးငွေရယူလိုသော်လည်း အထောက်အထားလုံလောက်စွာမတင်ပြနိုင်ခြင်း၊ အခွန်ကောက်ခံမှုနှင့် ပေးဆောင်မှုတို့ကို သေချာစွာ မသိခြင်း၊

( ဂ ) MSME အများစုသည် နည်းပညာအသုံးပြုမှု အားနည်းခြင်းကြောင့် ထုတ်လုပ်နိုင်မှုပမာဏနည်းပါးခြင်း၊ ထုတ်ကုန်အရည်အသွေးမတူညီခြင်း၊ နည်းပညာသစ်များကို ရယူရန် အရင်းအနှီး မလုံလောက်ခြင်းတို့ကြောင့် ယှဉ်ပြိုင်နိုင်မှု အားနည်းခြင်း၊

(ဃ) MSME များအကြား ပူးပေါင်းဆောင်ရွက်မှုအားနည်းသဖြင့် စုစည်းဆောင်ရွက်မှု(Cluster) မရှိခြင်း၊ အချက်အလက်၊ နည်းပညာနှင့် အတွေ့အကြုံ မျှဝေမှုနည်းပါးခြင်းတို့ကြောင့် ယှဉ်ပြိုင်နိုင်မှုအင်အားနည်းပါးနေခြင်း၊

( င ) တိုင်းဒေသကြီး၊ ပြည်နယ်အခြေပြု MSMEs အများစုသည် ဒေသဈေးကွက်အတွက်သာ ရည်ရွယ်ထုတ်လုပ်ခြင်းကြောင့် ဈေးကွက်တိုးချဲ့မှု နည်းပါးနေခြင်း၊

( စ ) MSME အများစုသည် လုပ်သားများ၏ သင်ကြားရေးနှင့် အတတ်ပညာဖွံ့ဖြိုးမှုကို အလေးထားမှုနည်းပါးသောကြောင့် ကျွမ်းကျင်ပညာရှင်များ၊ စီမံခန့်ခွဲမှုကျွမ်းကျင်သူများ ရှားပါးနေခြင်း၊

(ဆ) ဈေးနှုန်းအတက်အကျ မြန်ဆန်ခြင်း၊ အစိုးရလျှပ်စစ်ဓာတ်အားလိုင်းကိုသာ အားပြုနေခြင်း၊ သယ်ယူပို့ဆောင်ရေးစရိတ်မြင့်မားခြင်းတို့ကြောင့် MSME များ၏ ထုတ်လုပ်မှုနှင့် စီးပွားရေးစွမ်းဆောင်ရည်တို့တွင် အားနည်းမှုများ ကြုံတွေ့နေခြင်း၊

( ဇ ) MSMEs အချက်အလက်များ ပြည့်စုံမှုမရှိခြင်း၊ စီးပွားရေးမှတ်ပုံတင်စနစ်များ ရှုပ်ထွေးခြင်းကြောင့် မူဝါဒသတ်မှတ်ရာတွင် အခြေခံအချက်အလက်ရရှိမှုခက်ခဲခြင်း၊ သုတေသနအခြေပြုအကောင်အထည်ဖော်မှု နည်းပါးခြင်းတို့သည် MSMEs တိုးတက်မှုကို နှေးကွေးစေခြင်း။

**မြန်မာ့ MSMEs ဖွံ့ဖြိုးတိုးတက်စေရေး**

**MSME လုပ်ငန်းများ တိုးတက်လာစေရန် အောက်ဖော်ပြပါအချက်များကို ချမှတ်ကျင့်သုံးနိုင်ပါသည်–**

(က) ရွှေ့ပြောင်းနိုင်သော ပုံသေပိုင်ပစ္စည်းများကို အပေါင်ပစ္စည်းအဖြစ် အသုံးပြုခွင့်ပေးနိုင်သည့် စည်းမျဉ်းလုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်း၊ ချေးငွေဆိုင်ရာ အခွင့်အရေးများ၊ လိုအပ်ချက်နှင့် သတ်မှတ်ချက်ဆိုင်ရာသတင်းအချက်အလက်များအား လုပ်ငန်းရှင်များ ပိုမိုသိရှိစေခြင်း၊

( ခ ) ဒစ်ဂျစ်တယ်ငွေကြေးစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန် Digital Payment တိုးတက်လာစေရေး မူဝါဒများ ချမှတ်ဆောင်ရွက်ခြင်း၊

( ဂ ) နည်းပညာဖွံ့ဖြိုးသော စီးပွားရေးဝန်းကျင် ဖြစ်ပေါ်လာစေရေးနှင့် စွန့်ဦးတီထွင်လိုသောဆန္ဒဖြစ်ပေါ်လာစေရေးတို့အတွက် လုပ်ငန်းရှင်များအား နည်းပညာအသုံးပြုမှု မြှင့်တင်နိုင်ရေး အသိပညာပေးခြင်း၊ လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်နိုင်ရေးနှင့် ကုန်ပစ္စည်းအရည်အသွေး ပိုမိုကောင်းမွန်စေရေး နည်းပညာများ လွှဲပြောင်းရယူနိုင်ရန် ကူညီပံ့ပိုးပေးခြင်း၊

(ဃ) ပိုမိုထိရောက်သည့် ထုတ်လုပ်မှုလုပ်ငန်းများ ဖြစ်လာစေရေးအတွက် MSME လုပ်ငန်းများ အချင်းချင်း Cluster စုဖွဲ့၍ ဆောင်ရွက်ခြင်း၊

( င ) ပညာအရည်အချင်း မြင့်မားသည့် ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးနိုင်မည့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ တိုးချဲ့ဆောင်ရွက်ခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အစီအစဉ်များနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းခွင် ပြင်ပသင်တန်းများကို တိုးမြှင့်ဆောင်ရွက်ပေးခြင်း၊

( စ ) လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ လုပ်ငန်းမှတ်ပုံတင်ခြင်းကို ဌာနတစ်ခုထက်ပို၍ မှတ်ပုံတင်ရခြင်းကြောင့် တစ်နေရာတည်းတွင် မှတ်ပုံတင်နိုင်သော One–Stop Service စနစ်ကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ပေးခြင်း၊

စာမျက်နှာ ၇ သို့ ❐

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၆) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၆)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။





အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်နှင့်စပ်လျဉ်း၍ စိစစ်ထောက်ခံတင်ပြလာသည့် လုပ်ငန်းစာတွဲများကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံ မဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန်ဆောင်ရွက်မည့် စံပြုလုပ်ထုံးလုပ်နည်း (SOP) အရလည်းကောင်း ကိုက်ညီမှန်ကန်မှု ရှိ၊ မရှိစိစစ်ပြီး ကိုက်ညီမှန်ကန်မှုရှိပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် စိစစ်အတည်ပြုပေးခြင်းကို ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက ဆွေးနွေးဆောင်ရွက်ရမည့် လုပ်ငန်းစာတွဲများကိုတင်ပြရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အစည်းအဝေးတက်ရောက်လာကြသူများက အကြောင်းအရာတစ်ခုချင်းအလိုက် စိစစ်သုံးသပ်ဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ကိုင်ခွင့်ရရှိထားပြီး စိုက်ပျိုးလုပ်ကိုင်မှု တည်ငြိမ်နေသည့်မြေများအား လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ လယ်ယာမြေအဖြစ် သတ်မှတ်ပေးရန် လျှောက်ထားလာသောလုပ်ငန်းများ၊ နိုင်ငံတော်စီမံကိန်းများ ဆောင်ရွက်ရာတွင် နစ်နာကြေး၊ လျော်ကြေးပေးချေရန်ကိစ္စရပ်များ၊ လယ်ယာမြေကို ခွင့်ပြုချက်မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံ မဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့် စံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလာသည့် လုပ်ငန်းများအပေါ် ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဝေါမြို့နယ်၌ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ဝေါ အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပြုလုပ်သည့် (ဆင်းသုခ)စပါးစံပြစိုက်ခင်း မိုးစပါး စံပြကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက ကျိုက်လှကျေးရွာရှိ တောင်သူဦးအာလူး၏ လယ်မြေ၌ ကျင်းပသည်။



အဆိုပါ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲသို့ ပဲခူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းဆွေဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်လွင်၊ မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မိုးထိုက်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများက မိုးစပါး စံပြစပါးကွက်အား စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်ခြွေနေမှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထိုသို့ စိုက်ပျိုးထားသည့် (ဆင်းသုခ)စပါး စံပြစိုက်ခင်းအား ရိတ်သိမ်းရာ အထွက်နှုန်း တစ်ဧကေ အစို ၁၄၂ တင်း၊ အခြောက် တင်း ၁၃၀ ထွက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဥတ္တရသီရိမြို့နယ်၌ တောင်သူနည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**ဥတ္တရသီရိ အောက်တိုဘာ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်း သီးနှံများတစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ထွက်ရှိလာသော စိုက်ပျိုးသီးနှံထွက်ကုန်များ ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေး နည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက တောင်ညိုကျေးရွာအုပ်စု မရမ်းခုံကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ) ဦးမျိုးဇော်က နည်းပညာပေး ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာ ပညာရှင်များဖြစ်ကြသည့် ဒေါက်တာဝင်းသန်းနှင့် အဖွဲ့များက တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်သော သီးနှံပုံစံများ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ မြေဆီလွှာစီမံခန့်ခွဲရေး၊ သဘာဝမြေဩဇာကို တောင်သူများ ကိုယ်တိုင်ပြုလုပ်သုံးစွဲရေးနှင့် ဓာတ်မြေဩဇာများအကျိုးရှိစွာ အသုံးပြုရေး၊ သီးနှံဖျက်ပိုးများအား ဘက်စုံကာကွယ်ရေးနည်းလမ်းများအသုံးပြု၍ ကာကွယ်နှိမ်နင်းရေး၊ ပိုးသတ်ဆေးများအား စနစ်တကျသုံးစွဲရေးတို့ကို နည်းပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# မိုင်းရယ်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**မိုင်းရယ် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးတစ်ဧကေ တင်း ၁၀၀ အထွက်နှုန်းရရှိရေး စံကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက်ပိုင်းက တောင်သူဦးလိုင်းဆယ်သား၏ လယ်မြေတွင် ပြုလုပ်သည်။



**တက်ရောက်**

အဆိုပါ မိုးစပါးစံပြကွက်ရိတ်သိမ်းရာတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့်ဝန်ထမ်းများ၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မြင့်နိုင်နှင့်ဝန်ထမ်းများ၊ နားဖျိုင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများတက်ရောက်ကြပြီး ကောင်း၊ သင့်၊ ညံ့ စံကွက်သုံးကွက်ရိတ်သိမ်းခဲ့ရာ ၈၈၁ စပါးမျိုး တစ်ဧကေလျှင် အစိုထွက် ၁၃၀ ဒသမ ၃၁ တင်း၊ အခြောက်ထွက် ၁၀၉ ဒသမ ၃၇ တင်း ထွက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❒ စာမျက်နှာ ၆ မှ

(ဆ) လုပ်ငန်းအများစုသည် ပြည်တွင်းဈေးကွက်အပေါ် မှီခိုအားထားရသောကြောင့် MSME များကို အားပေးကူညီပံ့ပိုးပေးသည့် ဝယ်ယူမှုအစီအစဉ်များ (ပြည်တွင်းဖြစ်ကို အားပေးပါ) ဖော်ဆောင်ပေးခြင်း၊

(ဇ) လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိစေရေး ဆောင်ရွက်ပေးခြင်းနှင့်အတူ အခြားစွမ်းအင်ဖြစ်သည့် ဆိုလာစွမ်းအင်ကို ပိုမိုအသုံးပြုနိုင်ရေး ပညာပေးခြင်း၊ နည်းပညာအကူအညီပေးခြင်း၊ စည်းရုံးခြင်းနည်းလမ်းများဖြင့် လျှပ်စစ်ဓာတ်အား မလုံလောက်မှုကို လျှော့ချခြင်း၊

(ဈ) ဈေးကွက်ရှာဖွေခြင်း၊ ပို့ကုန်တင်ပို့မှုဆိုင်ရာ သတင်းအချက်အလက်များ ပံ့ပိုးခြင်းနှင့် ကုန်စည်ပြပွဲများ ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(ည) MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အစိုးရအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို လုပ်ငန်းများက ပိုမိုကျယ်ပြန့်စွာသိရှိစေရေး ဆောင်ရွက်ခြင်း။

**အဓိကမောင်းနှင်အား**

မြန်မာနိုင်ငံ၏ MSME များသည် စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားအဖြစ်ရှိနေသောကြောင့် လက်ရှိဖြစ်ပေါ်နေသော ငွေကြေး၊ နည်းပညာနှင့် ပူးပေါင်းဆောင်ရွက်မှု အခက်အခဲများကို ကျော်လွှားနိုင်အောင် ဆောင်ရွက်ပြီး MSMEs ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ငွေကြေးရယူနိုင်ခွင့် တိုးမြှင့်ပေးခြင်း၊ နည်းပညာအသုံးချနိုင်ရန် ပံ့ပိုးပေးခြင်း၊ ဈေးကွက်ဝင်ရောက်နိုင်ရေး ဖန်တီးပေးခြင်းနှင့် ပြုပြင်ရန်လိုအပ်သည့် ဥပဒေများကို ပြုပြင်ပြောင်းလဲခြင်းတို့ဖြင့် MSMEs ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**✳ မြန်မာနိုင်ငံရှိ MSME များသည် အများအားဖြင့် လုပ်ငန်းအရွယ်အစားသေးငယ်ခြင်း၊ စာရင်းမှတ်တမ်းထားရှိမှုအားနည်းခြင်း၊ နည်းပညာအသုံးပြုမှုနည်းခြင်းနှင့် အထောက်အထားပစ္စည်း (collateral) မရှိခြင်းတို့ကြောင့် ဘဏ်များမှ အတိုးနည်းချေးငွေရယူရာတွင် အခက်အခဲများရှိ**

**✳ ဈေးနှုန်းအတက်အကျ မြန်ဆန်ခြင်း၊ အစိုးရလျှပ်စစ်ဓာတ်အားလိုင်းကိုသာအားပြုနေခြင်း၊ သယ်ယူပို့ဆောင်ရေးစရိတ် မြင့်မားခြင်းတို့ကြောင့် MSME များ၏ ထုတ်လုပ်မှုနှင့် စီးပွားရေးစွမ်းဆောင်ရည်တို့တွင် အားနည်းမှုများကြုံတွေ့**

## (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့်(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌လည်းကောင်း၊ စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌လည်းကောင်း၊ ဆွမ်းဆက်ကပ်ခြင်းကို သုံးထပ်ဆွမ်းစားဆောင်တွင်လည်းကောင်း ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့ ဖုန်း ၀၉ ၄၂၀၇၀၁၄၅၄၊ ၀၉ ၄၃၀၆၇၁၆၈ တို့သို့ ဆက်သွယ်၍ ထာဝရကုသိုလ်ရှင်များအဖြစ် စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားနှင့် စာပြန်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးနှစ်ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒဩဝါဒါစရိယ ဆရာတော်ကြီးကိုးပါး၊ ပုစ္ဆကဆရာတော်လေးပါး၊ ကြီးကြပ်ရေးဆရာတော်လေးပါး၊ စာထောက်စာမဆရာတော်အပါး ၁၇၀၊ အာဂုံပြန်စာရင်းသွင်းသံဃာ ၂၆၁ ပါး၊ သဘောရေးဖြေ စာရင်းသွင်းသံဃာ ၂၆၄ ပါး စုစုပေါင်း ၇၁၂ ပါးတို့ ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ဒီဇင်ဘာ ၆ ရက်(စနေနေ့)မှ ၈ ရက် (တနင်္လာနေ့) အထိ ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲကို အစိုးရပထမငယ်တန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက်ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံးအပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို သက်ဆိုင်ရာစာဖြေဌာနတည်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ အချိန်မီပေးပို့ထားမည်ဖြစ်၍ အဆိုပါရုံးများတွင် စာမေးပွဲဖြေဆိုရက်မတိုင်မီ ထုတ်ယူနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ဟိုပုံးမြို့နယ်၌ (ပဌမအကြိမ်မြောက်)မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဟိုပုံး အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် နာဂပုရသာသနာလင်္ကာရအသင်းက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ (ပဌမအကြိမ်မြောက်) နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက နောင်တောင်း ပရဟိတတပ်ဦးကျောင်း၌ ကျင်းပသည်။



**ဆက်ကပ်လှူဒါန်း**

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အဖွဲ့ဝင်များ၊ ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက နာဂပုရသာသနာလင်္ကာရအသင်းဥက္ကဋ္ဌ ဟိုပုံးမြို့ တုံခမ်းကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ သီလဆောက်တည်ကြပြီး သံဃာတော်များ ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နာဂပုရသာသနာလင်္ကာရအသင်း ဩဝါဒါစရိယ တောင်ကြီးမြို့ အေးစေတီပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်က ဩဝါဒကထာချီးမြှင့်တော်မူပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက သာသနာတော်ဆိုင်ရာ လျှောက်ထား၍ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့်ဇနီး မိသားစုတို့က မြန်မာနိုင်ငံလုံးဆိုင်ရာ (ပဌမအကြိမ်မြောက်) နာဂပုရသာသနာလင်္ကာရသာမဏေကျော် စာမေးပွဲကြီးအတွက် အလှူငွေကျပ် ၅၂ သိန်းကို နောင်တောင်းပရဟိတတပ်ဦးဘုန်းတော်ကြီးကျောင်း ဆရာတော်အား ဆက်ကပ်လှူဒါန်းပြီး ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ (ပဌမအကြိမ်မြောက်) နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲကြီးအတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ငွေကျပ်သိန်း ၁၀၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ငွေကျပ်သိန်း ၄၀၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံကျောင်းအုပ်ကြီးက ငွေကျပ် ၁၀ သိန်းတို့ကို ဆက်ကပ်လှူဒါန်းပြီး နောင်တောင်းပရဟိတတပ်ဦးဘုန်းတော်ကြီးကျောင်း ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များနှင့် စာဖြေသံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ဟိုပုံးမြို့နယ်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ (ပဌမအကြိမ်မြောက်) နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲတွင် ဥပစာတန်းရဟန်း၊ သာမဏေ၊ သီလရှင် ၁၀၂ ပါး၊ မူလတန်းရဟန်း၊ သာမဏေ၊ သီလရှင် ၃၃၄ ပါး၊ ပထမအဆင့်ရဟန်း၊ သာမဏေ၊ သီလရှင် ၁၇၉၈ ပါး၊ ဒုတိယအဆင့်ရဟန်း၊ သာမဏေ၊ သီလရှင် ၈၁၂ ပါး၊ တတိယအဆင့်ရဟန်း၊ သာမဏေ၊ သီလရှင် ၂၅၄ ပါး စုစုပေါင်းရဟန်း၊ သာမဏေ၊ သီလရှင်အပါး ၃၃၀၀ ဝင်ရောက်ဖြေဆိုကြပြီး အဆိုပါစာမေးပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ ရပ်နီး/ရပ်ဝေးမှ ဒေသခံပြည်သူများကလည်း အလှူငွေများ ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၁**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုတစ်နိုင်ငံလုံး အကြားအလပ်မရှိ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းငါးခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် တောင်ခြေကျေးရွာအုပ်စု တံတားကြီးကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများမှာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

အဆိုပါ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေ ဖူလုံစွာရရှိရေးအတွက် ဆောင်ရွက် ပေးနိုင်ခဲ့မှုကြောင့် ဒေသခံတောင်သူများ အနေဖြင့် မြေပဲ၊ နေကြာ၊ ဂျုံ၊ စပါး၊ ခရမ်းချဉ်၊ ပဲပုပ်၊ ပြောင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများ စိုက်ပျိုးရာတွင် ယခင်ကထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပျက်စီးခဲ့သည့် တောင်ငူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံလျက်ရှိ

**တောင်ငူ အောက်တိုဘာ ၂၁**

မန္တလေး ငလျင်ကြီးဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့သည့် တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံလျက်ရှိပြီး လုံးတော်ပြည့် မျက်ပါးရွှေဆိုင်းကပ်လှူပူဇော်နိုင်ရေးနှင့် ရွှေစင်ရွှေပြားပတ်လည် ထပ်မံကပ်လှူပူဇော်၍ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် ပြန်လည်ပူဇော်နိုင်ရေး ဆောင်ရွက်လျက်သည်။



တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီးသည် မန္တလေးငလျင်ကြီးဒဏ်ကြောင့်ထီးတော်မဏ္ဍိုင်တိမ်းစောင်းခဲ့ခြင်း၊ ငှက်ပျောဖူးတော်၊ ပန်းတင်ခုံ၊ အထက်အောက်ပစ္စယံနှင့် အရံစေတီတော်များ ထိခိုက်အက်ကွဲပျက်စီးခဲ့ခြင်းအတွက် CB ဘဏ် ဥက္ကဋ္ဌ ဦးခင်မောင်အေး မိသားစု၏ လှူဒါန်းမှုဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိရာ ရွှေဆံတော်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့်အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန်လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို (၂၇-၁၀-၂၀၂၅) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၃၀ နှင့် အမျိုးသမီး ၆ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီးသုံးဦးတို့သည် ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကိုမိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ သုံးခွမြို့နယ်၊ ဒလမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တို့မှ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီးသုံးဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ယင်းနောက် ၎င်းတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၊ မုံရွာမြို့နယ်၊ ဝန်းသိုမြို့နယ်၊ ရွှေဘိုမြို့နယ်နှင့် ကန့်ဘလူမြို့နယ်တို့မှ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီးသုံးဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံပြန်လည်လွှဲပြောင်းအပ်နှံပွဲကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုံးမဩဝါဒစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့် အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MK-12 တစ်လက်၊ ကျည်အိမ်တစ်ခု၊ ၁၂ ဗို့ကျည် ကိုးတောင့်၊ လက်လုပ်ပစ္စတိုတစ်လက်နှင့် လက်လုပ်ပစ္စတို ကျည်အိမ်တစ်ခုတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား တစ်ဦးလျှင် ဆုကြေးငွေကျပ် သိန်း ၂၀ စီဖြင့် စုစုပေါင်းငွေကျပ်သိန်း ၄၂၀ နှင့် စားသောက်ဖွယ်ရာများပေးအပ်ကာ ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြသည်။

ထိုသို့ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

**အမျိုးသမီး**

ကျွန်မတို့ရွာကနေ သူငယ်ချင်းရှိရာကို အလည်သွားရင်းနဲ့ လမ်းမှာ PDF အဖမ်းခံရပြီး ထောင်ကျခံမလား စစ်မှုထမ်းမလား အကြပ်ကိုင်မေးခဲ့လို့ စစ်မှုထမ်းရင်လွတ်လမ်းရှိတယ်လို့တွေးမိပြီး PDF ထဲရောက်ရှိခဲ့ပါတယ်။ သင်တန်းကိုတော့ မင်းကင်းမြို့နယ် ထန်းပင်ချောင်းရွာအနီးက တောတိုက်ထဲမှာ ယောကျ်ား မိန်းမအင်အား ၂၀ နဲ့အတူ နှစ်လတက်ခဲ့ရပါတယ်။ သင်တန်းကိုတော့ စစ်သင်တန်း၊ လက်နက်ငယ်နဲ့ မိုင်းလုပ်နည်း၊ မိုင်းထောင်နည်းတွေကို သင်ကြားပေးပါတယ်။ သင်တန်းဆင်းတော့ သူတို့အတွက် ထမင်းဟင်းချက်ပြုတ်ရေးနဲ့ လုံခြုံရေးကင်းတာဝန်တွေကို ထမ်းဆောင်ခဲ့ရပါတယ်။ ကျွန်မ PDF ထဲဝင်ရောက်ချိန်မှာ PDF အကြမ်းဖက်အဖွဲ့တွေက ဂိတ်တွေမှာ ဆက်ကြေးကောက်တယ်။ လူတွေကိုလည်းဖမ်းပြီး အနိုင်ကျင့်တယ်။ သူတို့ထဲကို အတင်းအကျပ်ဝင်စေတယ်။ မဝင်တဲ့သူတွေကိုလည်း ထောင်ချတယ်။ သတ်ပစ်တယ်။ ရွာထဲကလူတွေကိုလည်း လက်နက်အားကိုးနဲ့ အနိုင်ကျင့်တယ်။ နှိပ်စက်တာတွေလုပ်တယ်။ ကျွန်မက အစောကတည်းက သူတို့ထဲကိုဝင်ချင်ခဲ့တာမဟုတ်ပါဘူး။ ဖမ်းဆီးမခံရဖို့အတွက် စစ်မှုထမ်းခဲ့ပြီး အခွင့်အရေးရတာနဲ့ လုံခြုံရေးစခန်းမှာ အလင်းဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ ကျွန်မမိဘတွေဆီကို ပြန်ရတော့မှာမို့ အလွန်ဝမ်းသာမိပါတယ်။ ပြီးတော့ ဒီဇင်ဘာလမှာ ကျင်းပတော့မယ့် ရွေးကောက်ပွဲမှာ ကျွန်မကိုယ်တိုင်လည်းမဲပေးမယ်။ PDF အကြမ်းဖက်အဖွဲ့ထဲမှာ ကျန်ရှိနေတဲ့သူတွေကိုလည်း ပြောချင်တာကတော့ သူတို့ပြောသလို အလင်းဝင်ရင် ဖမ်းဆီးမယ်။ ထောင်ချမယ်။ နှိပ်စက်မယ်ဆိုတာ မဟုတ်ပါဘူး။ အခုလိုနွေးနွေးထွေးထွေးကြိုဆိုပြီး ထောက်ပံ့မှုတွေလုပ်ပေးတာ ကျွန်မကိုယ်တွေ့ပါပဲ။ ဒါကြောင့် အချိန်မနှောင်းခင် အမြန်ဆုံး အလင်းဝင်ရောက်ကြဖို့ ဒီနေရာကနေ ဖိတ်ခေါ်ချင်ပါတယ်။

**စာမျက်နှာ ၁၀ သို့ ☆**

# နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများဒီပလိုမာသင်တန်း အမှတ်စဉ် (၂) အပိုင်း(၂) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများ ဒီပလိုမာသင်တန်း အမှတ်စဉ်(၂)အပိုင်း(၂) (Diploma in International Public Sector Accounting Standards – Dip IPSAS) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။



သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်း ကောင်စီ ဒုတိယဥက္ကဋ္ဌ(၁)ဒေါ်နိုင်သက်ဦး၊ ဒုတိယ ဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က သင်တန်းမှ IPSAS စာရင်းစံများနှင့်စပ်လျဉ်းသည့် အသိပညာဗဟုသုတများ ရရှိမည်ဖြစ်ပြီး ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရေးဆွဲရာတွင် လိုက်နာကျင့်သုံးခြင်းဖြင့် ပိုမိုကောင်းမွန်သည့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့် ဘဏ္ဍာရေးအစီရင်ခံစာများကို ရေးဆွဲနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိလုပ်ငန်း၏ နှစ်အလိုက် ဘဏ္ဍာရေးရှင်းတမ်းများ၊ အခြားလုပ်ငန်းများ၏ ဘဏ္ဍာရေးရှင်းတမ်းများကို နှိုင်းယှဉ်လေ့လာ၍ စိစစ်သုံးသပ်နိုင်မည့်အပြင် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုပြည့်ဝတိုးတက်လာပြီး ကောင်းမွန်သည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုကိုဖြစ်ပေါ်စေနိုင်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် လေ့လာသင်ယူခဲ့ရသည့် သင်ခန်းစာများအပြင် စာရင်းစံဆိုင်ရာ ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် လေ့လာ၍ လုပ်ငန်းခွင်တွင် အသုံးချခြင်းဖြင့် ဌာန၊ အဖွဲ့အစည်းများမှတစ်ဆင့် နိုင်ငံတော်၏ အကျိုးစီးပွားများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်သည့် ဝန်ထမ်းများဖြစ်စေရေး ကြိုးစားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

IPSAS သင်တန်းတွင် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံ ၁၄ ခု ပို့ချမည်ဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ နှစ်ဦး၊ ဝန်ကြီးဌာန ၁၃ ခုမှ ၂၄ ဦး စုစုပေါင်း သင်တန်းသား ၂၆ ဦး တက်ရောက်ကြကာ သင်တန်းကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

IPSAS သင်တန်းကို Batch တစ်ခုလျှင် သင်တန်း level သုံးခုခွဲ၍ သင်ကြားပေးမည်ဖြစ်ပြီး level တစ်ခုချင်းအလိုက် သင်တန်းတက်ရောက် အောင်မြင်သူများကို Certificate လက်မှတ်များ ပေးအပ်ကာ Level– III အထိ တက်ရောက်အောင်မြင်သူများကို ဒီပလိုမာလက်မှတ် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးနှင့် အမိုးသွပ်ပြားများအား အထူးကုန်ရထားဖြင့် ပို့ဆောင်

**နေပြည်တော် အောက်တိုဘာ ၂၁**

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအစီအစဉ်ဖြင့် ငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အတွက် လိုအပ်လျက်ရှိသော သံချောင်းလုံးများကို ရန်ကုန်မြို့မှ အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြန်လည် ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အတွက် HRB 500 အမျိုးအစား သံချောင်းလုံး တန်ချိန် ၅၅၃ ဒသမ ၀၀၆ တန်၊ 4 Angle 0.33 mm အမိုးသွပ်ပြား ချပ်ရေ ၇၀၀၀ ( တန်ချိန် ၃၂ ဒသမ ၅၆ တန်) နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန်လည် ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အတွက် လိုအပ်သော 4 Angle 0.33 mm အမိုးသွပ်ပြား ချပ်ရေ ၇၀၀၀ (တန်ချိန် ၃၂ ဒသမ ၅၆ တန်) တင်ဆောင်လာသော အထူးကုန်ရထားသည် ယနေ့နံနက်ပိုင်းတွင် မန္တလေး ရွှေကြက်ယက်ဘူတာသို့ ရောက်ရှိခဲ့ရာ တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးလက်ခံပြီး တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အတွက် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



☆ စာမျက်နှာ ၉ မှ

**အမျိုးသား**

ကျွန်တော် အရင်က မန္တလေးမြို့မှာ ပန်းပုထုတဲ့လုပ်ငန်းကို လုပ်ကိုင်ပါတယ်။ ၂၀၂၁ ခုနှစ်မှ ကျွန်တော် ရွာကို ရောက်ပြီးတော့ ဆိုင်ကယ်နဲ့ ဈေးရောင်းတဲ့လုပ်ငန်းကို လုပ်ကိုင်ပါတယ်။ ၂၀၂၃ ခုနှစ် ၁၁ လပိုင်းမှာ သူငယ်ချင်းက မင်းသေနတ်ကိုင်ချင်လား၊ မင်းသေနက်ကိုင်ဖူးချင်လား၊ သေနတ်ပစ်ဖူးချင်လား၊ ပစ်ဖူးကိုင်ဖူးချင်ရင် ငါနဲ့လိုက်ခဲ့ဆိုပြီး ခေါ်ဆောင်သွားတဲ့အတွက် ကျွန်တော် အကြမ်းဖက် PDF စခန်းကိုလိုက်သွားခဲ့ပါတယ်။ အဲဒီနောက်မှာ သူတို့ရဲ့ အကြမ်းဖက် ခေါင်းဆောင်က ကျွန်တော့်ကို ပြန်ရင် မိဘတွေကို သတ်ပစ်မယ်



အမျိုးသမီး

ဆိုပြီးတော့ ခြိမ်းခြောက်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော် PDF ထဲကိုဝင်ခဲ့ရပါတယ်။ သင်တန်းမှာတော့ လက်နက်ငယ်ပစ်နည်း၊ မိုင်းထောင်နည်း၊ မိုင်းခွဲနည်းတို့ကို သင်ကြားပေးခဲ့ပါတယ်။ ကျွန်တော် သင်တန်းဆင်းတော့ ထမင်း အချက်အပြုတ်နဲ့ ကင်းစောင့်တာဝန်ကို ယူခဲ့ရပါတယ်။



အမျိုးသား

ကျွန်တော် အကြမ်းဖက်လုပ်ရပ်တွေမှာ မပါဝင်ခဲ့ပါဘူး။ တစ်ခါတလေမှာ သူတို့ရွာထဲ ဆက်ကြေး သွားကောက်တဲ့အချိန်မှာ ကျွန်တော်လိုက်ခဲ့ရပါတယ်။ နောက်ပြီးရင် ကျွန်တော်တို့ အဝင်အထွက်လမ်းတွေ၊ ရွာကတံတားလမ်းတွေမှာလည်း ကျွန်တော် သူတို့လုံခြုံရေးအတွက် ကင်းစောင့်ပေးခဲ့ရပါတယ်။ ကျွန်တော် PDF အကြမ်းဖက်ထဲ ရောက်တဲ့အချိန်မှာ ကြီးနိုင်ငယ်ညှဉ်း အနိုင်ကျင့်တဲ့ဝါဒကို ကျွန်တော်တွေ့ကြုံခဲ့ရပါတယ်။ နောက်ပြီး လူကြီးပိုင်းတွေကတော့ လမ်းတံတားတွေ၊ ဂိတ်တွေမှာရတဲ့ ဆက်ကြေးငွေတွေ၊ ရွာသူရွာသားတွေဆီက ကောက်ခံလို့ရတဲ့ ဆက်ကြေးငွေတွေနဲ့ အဆင်ပြေနေပြီးတော့ ကျွန်တော်တို့ လက်အောက်က လူတွေမှာတော့ ထမင်းတောင်မှ မဝရေစာ စားခဲ့ရပါတယ်။ ဖျားနာလာတဲ့ အချိန်မှာလည်း ဆေးကုသဖို့ ဆရာဝန်မရှိဘူး။ နေရတာလည်း လုံးဝအဆင်မပြေပါဘူး။ ကြုံသလို ဖြစ်သလိုနေရပါတယ်။ သူတို့နဲ့ အဆင်ပြေတဲ့သူတွေကျတော့ ကောင်းကောင်းမွန်မွန်နေရတယ်။ ဘာမှမလုပ်ရဘူး။ ကြီးနိုင်ငယ်ညှဉ်းနှိပ်ကွပ်မှုတွေလည်း ကျွန်တော်ကြုံတွေ့ခဲ့ရပါတယ်။ အဆိုးဆုံးကတော့ ပြည်သူလူထုကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်တာကတော့ အဆိုးဆုံးပါပဲ။ ကျွန်တော်အလင်းဝင်ရောက်ခဲ့တာကတော့ သူတို့ရဲ့လုပ်ငန်းတွေ မတရားမှုတွေကို မကြိုက်လို့ အလင်းဝင်ရောက်ခဲ့တာပါ။ ဆရာ ဆရာမတွေကို သတ်ဖြတ်တာ၊ ရဟန်းသံဃာတွေကို သတ်ဖြတ်တာကအစ ကျွန်တော်လက်မခံနိုင်လို့၊ သူတို့ရွာတွေမှာ ဆက်ကြေးကောက်နေတဲ့ အချိန်မှာ ကျွန်တော် အခွင့်သာလို့ ထွက်ပြေးလာပြီးတော့ နီးစပ်ရာစခန်းမှာ ကျွန်တော် အလင်းဝင်ခဲ့ပါတယ်။ ကျွန်တော် အလင်း ဝင်ရောက်တဲ့အခါမှာ ကျွန်တော်တစ်ခုခုများဖြစ်မလား ဆိုပြီးတော့ စိုးရိမ်စိတ်ကြီးနဲ့ တွေးမိပါတယ်။ တကယ်တမ်းကျတော့ အစိုးရနဲ့ တပ်မတော်က ကျွန်တော်တို့ကို နွေးထွေးစွာကြိုဆိုတယ်။ အစားအစာနဲ့ ထောက်ပံ့ကြေးငွေတွေပေးတယ်။ ကျန်းမာရေးကအစ စစ်ဆေးပေးတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ကို နေစရာတွေပေးတယ်။ နောက်ပြီး ကျွန်တော်တို့ မိသားစုနဲ့အတူ အမြန်ဆုံးပြန်နေခွင့်ရအောင် စီစဉ်ပေးလို့ အစိုးရနဲ့ တပ်မတော်က လူကြီးတွေကို ကျွန်တော်ကျေးဇူးအထူးတင်ပါတယ်။

**သတင်းစဉ်**

# ကျွန်းစုမြို့၌ တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်လှစ်

**ကျွန်းစု အောက်တိုဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို အခမဲ့ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ဖွင့်လှစ်သည့် အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းကို အောက်တိုဘာ ၂၀ ရက် မွန်းလွဲပိုင်းက ကပကျေးရွာအုပ်စု ကပကျေးရွာ (Smart Village)၌ စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ချောကလက်ဒိုးနတ်၊ တူနာငါးညှပ်ပေါင်မုန့်၊ မွေးနေ့ကိတ်၊ ငှက်ပျောသီးကိတ်၊ ပျားရည်အလွှာကိတ်၊ မာဖင်၊ ပူတင်းခွက်၊ အုန်းနံ့ကထိုင်၊ ပဲချောင်းအစိမ့်၊ ငရုတ်သီးနှမ်းကပ်ကြော်၊ ထောပတ်ကွတ်ကီး အပါအဝင် ကွတ်ကီးအမျိုးမျိုး၊ ဒူးရင်းသီးအနှစ်ပါသည့် မုန့်/ပေါင်မုန့်စသည့် စားသောက်ကုန် ၁၇ မျိုး ပြုလုပ်နည်းများကို အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ သင်တန်းသူ ၂၀ အား စာတွေ့လက်တွေ့ အခမဲ့သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းသန္တာက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် သင်ထောက်ကူပစ္စည်းများအား တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**





☆ ကျောဖုံးမှ

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၈)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင် ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်း စောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေး အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၈)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ် -









၁။ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံ့သားကောင်းတစ်ယောက်အနေနဲ့ ကျွန်တော် ဒီသင်တန်းကို တက်ရောက်သင့်တယ်ထင်လို့ ကျွန်တော် တက်ရောက်ဖြစ်တာပါ။ နိုင်ငံသား တစ်ယောက်အနေနဲ့လည်း ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို တစ်ဖက်တစ်လမ်းကနေပြီး ကာကွယ်စောင့်ရှောက်သင့်တယ်ဆိုတဲ့ ကျွန်တော်ရဲ့တာဝန်သိစိတ်ကြောင့်လည်း ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့နိုင်ငံတွင် မဟုတ်ဘဲ ဖွံ့ဖြိုးတဲ့နိုင်ငံတော်တော်များများက စစ်မှုထမ်းဥပဒေကို ကျင့်သုံးနေကြပါတယ်။ ကျွန်တော်ကတော့ ဒီဥပဒေကို ကောင်းတယ်လို့ ထင်မြင်မိပါတယ်။ နိုင်ငံသားတိုင်းလည်း လိုက်နာပြီး ဆောင်ရွက်သင့်ပါတယ်လို့ ထင်မြင်မိပါတယ်။ ဒီသင်တန်းကို ကျွန်တော်မလုပ်ဘူးခင်က မလုပ်ဘူးတဲ့အရာတွေ လုပ်ရမယ်ဆိုတော့ နည်းနည်းတော့ စိတ်လှုပ်ရှားမိတယ်။ ယောကျ်ားတိုင်း တတ်သင့်တဲ့ ပညာရပ် ဖြစ်တာကြောင့် ဂုဏ်ယူစွာနဲ့ သင်ကြားသွားချင်ပါတယ်။ နိုင်ငံတော်ရဲ့ တာဝန်တွေကိုလည်း တစ်ဖက်တစ်လမ်းကနေ ကိုယ်တတ်စွမ်းသလောက် ထမ်းဆောင် သွားပါ့မယ်လို့ ကျွန်တော် ဆုံးဖြတ်ထားပါတယ်။ နောင်လာမယ့် ညီငယ်တွေကိုလည်း လာပြီးတက်ရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်။

၂။ ကျွန်တော် ပြည်သူ့စစ်မှုထမ်း ထဲဝင်ချင်တာလည်း ကြာပါပြီ။ ဘာကြောင့်လဲဆိုတော့ နဂိုတုန်းကလည်း ကျွန်တော်ဝင်ချင်တာလည်းရှိပါတယ်။ စိတ်ဆန္ဒလည်း ရှိပါတယ်။ မြန်မာနိုင်ငံသားတိုင်း ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ရမယ် ဆိုတာလည်း သိပြီးသား ဖြစ်တဲ့အတွက် ကျွန်တော် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားပါမယ်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသား အားလုံးကိုလည်း ပြည်သူ့စစ်မှုထမ်းဖို့ ဖိတ်ခေါ်ပါတယ်။ ဒီသင်တန်း အမှတ်စဉ်(၁၈) စရောက်တဲ့အချိန်မှာ နည်းပြတွေ၊ အရာရှိတွေ၊ ဗိုလ်လေးတွေက ကျွန်တော့်ကို နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ တပ်မတော်သား ကောင်းဖြစ်အောင် ကြိုးစားသွားပြီး နေထိုင်သွားပါမယ်လို့လည်း ကတိသစ္စာပြုပါတယ်။ **သတင်းစဉ်**





ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပစဉ်။

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် တိုက်ကြီးမွေးမြူရေးဇုန် ဖွံ့ဖြိုးတိုးတက်မှု ကွင်းဆင်းကြည့်ရှု



**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တိုက်ကြီးမွေးမြူရေးဇုန်ရှိ ဦးကဲ၏ ခြံ၌ ဥစားကြက်အကောင်ရေ ၅၀၀၀ နှင့် ဘဲအကောင်ရေ ၄၅၀၀ မွေးမြူထားရှိမှုနှင့် ရေလယ်ရှိခြံ၌ ဘဲအကောင်ရေ၁၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ အကွက်အမှတ်(B 11) ရှိခြံ၌ ဒေသန္တား ၆၁ ကောင်၊ အကွက်အမှတ် (B 12) ရှိခြံ၌ ဆိတ်အကောင်ရေ ၁၅၀ နှင့် ဒေသန္တား အကောင်ရေ ၅၀ မွေးမြူထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထို့နောက် တိုက်ကြီးမွေးမြူရေးဇုန်၌ Super Seven Stars Agir–Tech Co.,Ltd. ၏ ကြက်မွေးမြူနိုင်ရေး မွေးမြူရေးခြံများ တည်ဆောက်နေမှု၊ ဒေါ်ခင်ကျော်ကျော်ဆင့်၏ခြံ၌ ဥစားကြက်အကောင်ရေ ၃၂၀၀ မွေးမြူထားရှိမှု၊ မြတ်မင်းကုမ္ပဏီလီမိတက်၏ အသားတိုးဝက် မွေးမြူနိုင်ရေး မွေးမြူရေးခြံများ ဆောက်လုပ်နေမှုနှင့် ပြီးစီးမှုအခြေအနေများ၊ သာယာကုန်းကုမ္ပဏီလီမိတက်၏ အသားတိုးကြက် မွေးမြူနိုင်ရေး မွေးမြူရေးခြံများ ဆောက်လုပ်နေမှုနှင့် ပြီးစီးမှု၊ ဒေါ်နန်းခမ်းစိမ်း၏ခြံ၌ အသားတိုးကြက်အကောင်ရေ ၅၁၀၀ မွေးမြူထားရှိမှုများကို လှည့်လည်ကြည့်ရှုပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် တိုင်းဒေသကြီးအတွင်း စားရေရိက္ခာ ဖူလုံရေးအတွက် တိုးချဲ့မွေးမြူကြရန်နှင့် တိရစ္ဆာန်အစာပင်များ တိုးချဲ့စိုက်ပျိုးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)



# မိတ္ထီလာမြို့၌ နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းလှည့်လည် ဒေသစာရီအပူဇော်ခံပွဲကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်စီစဉ်မှုဖြင့် ဝမ်းတော်ပြည့်ကျောင်းတိုက်အတွင်း သီတင်းသုံးတော်မူသည့် နှစ်ကျိပ်ရှစ်ဆူဘုရား မြို့တွင်းလှည့်လည်ဒေသစာရီ အပူဇော်ခံပွဲကို ယမန်နေ့က ကျင်းပသည်။

ထိုသို့ ဒေသစာရီအပူဇော်ခံရာတွင် တပ်နယ်များ၊ ခရိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာရုံးများ၊ မြို့ပေါ်ရပ်ကွက်များနှင့် သင်တန်းကျောင်းများတွင် သီတင်းကျွတ်လဆန်း ၁၁ ရက်မှစတင်၍ ယာယီသီတင်းသုံးခဲ့ရာမှ အမြဲကိန်းဝပ်သီတင်းသုံးရာ ဝမ်းတော်ပြည့်ကျောင်းတိုက်သို့ ယမန်နေ့ သီတင်းကျွတ်လကွယ်နေ့တွင် အဆိုပါနှစ်ကျိပ်ရှစ်ဆူဘုရားများအား ပြန်လည်ပင့်ဆောင်လျက် မြို့တွင်းလှည့်လည်ဒေသစာရီအပူဇော်ခံခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

# လပွတ္တာမြို့ မြို့မဈေးနှင့် ရေပေါ်ဈေးရှိ ဈေးဆိုင်များ၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်

**လပွတ္တာ အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်း ဒေသကြီး လပွတ္တာမြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို ယမန်နေ့ မွန်းလွဲပိုင်းက လပွတ္တာမြို့နယ်အတွင်းရှိ မြို့မဈေးနှင့် ရေပေါ်ဈေးရှိ ကုန်ပစ္စည်းအရောင်းဆိုင်များသို့ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။



ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်မော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိမ်းကိုကိုနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ဦးစီးဌာနတို့ပူးပေါင်း၍ လပွတ္တာမြို့ အမှတ်(၅)ရပ်ကွက်နှင့် (၆)ရပ်ကွက်ရှိ ဈေးတို့တွင် ရောင်းချနေသည့် ကုန်ပစ္စည်းအရောင်းဆိုင်များ၌ မီးဘေးလုံခြုံမှုရှိစေရန်အတွက် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက် (Fire Safety Certificate)ရရှိရေး ဆောင်ရွက်သွားရန်၊ မီးချိတ်မီးကပ်များ၊ မီးသတ်ဆေးဘူးများ စနစ်တကျထားရှိရေးနှင့် မီးလောင်မှု၊ မီးလန့်မှုများဖြစ်ပွားလာပါက အမြန်ဆုံးငြိမ်းသတ်နိုင်ရေး အပေ့ါစားမီးသတ်စက်ထားရှိရေး၊ ဈေးအတွင်းရှိ မီးသတ်စက်များအား စစ်ဆေးခြင်း၊ လျှပ်စစ်မီးကြိုးများ၊ ဝိုင်ယာကြိုးများ စနစ်တကျထားရှိစေရေးတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါကာကွယ်ထိန်းချုပ်ရေး၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးသင်တန်းကို အောက်တိုဘာ ၂၁ ရက်တွင် ဆောင်ရွက်ခဲ့ရာ ပြည်သူ့ကျန်းမာရေးဝန်ထမ်း ၆၀ တက်ရောက်စဉ်။

မြို့နယ်(ပြန်/ဆက်)



# တာချီလိတ်မြို့၌ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**တာချီလိတ် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာနအစည်းအဝေးခန်းမ၌ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၀ ရက် မွန်းလွဲပိုင်းက ပြုလုပ်သည်။

ဦးစွာ တာချီလိတ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမျိုးက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဦးမြတ်ကိုကိုဇော်တို့က မဲဆန္ဒရှင်စာရင်းတွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း မကျန်ရှိစေရေး၊ မဲပေးပိုင်ခွင့်မရှိသူများမပါရှိစေရေး၊ အသက် ၁၈ နှစ်အထက် မြေပြင်အတည်ပြုလူဦးရေစာရင်း ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်၊ အတည်ပြုခြင်းလုပ်ငန်းဖြင့် ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိရေးများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အေးအေးလတ်(ပြန်/ဆက်)

# ကျောက်တန်းမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ကျောက်တန်း အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မြို့နယ်သမဝါယမ အသင်းခန်းမ၌ အောက်တိုဘာ ၂၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေသူမြင့်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသန်းစိုးက သဘာပတိအဖြစ် ဆောင်ရွက်ကာ သမဝါယမအသင်းများ တိုးတက်ရေးကိစ္စရပ်များနှင့် အသင်းဝင်စာရင်းများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် အသင်းဝင်အခြေခံအသင်းများအား အစုပေါ်အမြတ်ငွေ ၄၃၂၀၁၄ ဒသမ ၉၀ ကျပ်ကို ပေးအပ်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သည့်သွင်းအားစုများအစောဆုံးပေးဆပ်ခဲ့သည့် ရွှေကံကော်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးမောင်ထွန်းအား ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

သန့်ဇင်ထွန်း





# ဇေယျာသီရိမြို့နယ်၌ မီးဘေးအန္တရာယ်အသိပေးနှိုးဆော်

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရပ်ကွက်/ကျေးရွာများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အတွက် လိုက်လံ၍ အသိပေးနှိုးဆော်ခြင်းကို ယမန်နေ့ညပိုင်းက ဆောင်ရွက်သည်။

ထိုသို့ အသိပေးနှိုးဆော်ရာတွင် ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသူနှင့် တပ်ဖွဲ့ဝင်များက အောင်ဇေယျ ရပ်ကွက်နှင့် သက်နှင်းအင်းကျေးရွာအုပ်စုမှ ကျေးရွာများသို့သွားရောက်ပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်များ၊ အရေးပေါ် မီးသတ်တယ်လီဖုန်းနံပါတ်များ ဖြန့်ဝေပေးခြင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်ချက်များ၊ ထင်းမီးနှင့် လျှပ်စစ်မီးသုံးစွဲသူများ အထူးလိုက်နာရမည့်အချက်များ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအချက်များကို အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

# ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာလေကြောင်းခရီးသည် ၅ ဒသမ ၁ သန်း ဝင်ရောက်



ဖနောင်ပင် အောက်တိုဘာ ၂၁

ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ် ပထမကိုးလအတွင်း နိုင်ငံတကာမှ လေကြောင်းခရီးသည် ၅ ဒသမ ၁ သန်း ဝင်ရောက်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၄ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း မြို့ပြလေကြောင်း အုပ်ချုပ်ရေးအဖွဲ့က အောက်တိုဘာ ၂၁ ရက်တွင် ထုတ်ပြန်သည့် မှတ်တမ်းအရ သိရသည်။

ယခုနှစ်ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း နိုင်ငံအတွင်းရှိ နိုင်ငံတကာလေဆိပ်သုံးခုသို့ လေကြောင်းပျံသန်းခြင်း ၄၇၆၃၇ ကြိမ်ရှိခဲ့ကြောင်း မြို့ပြလေကြောင်းအုပ်ချုပ်ရေးအဖွဲ့ မှတ်တမ်းအရ သိရသည်။ ၎င်းပမာဏသည် ယခင်နှစ် အလားတူကာလက ထက် ၁၂ ရာခိုင်နှုန်း များပြားလာခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ်တွင် လေကြောင်းခရီးသည် ၇ ဒသမ ၅ သန်း လာရောက်ရေး ရည်မှန်းချက်ထားရှိဆောင်ရွက်နေကြောင်း မြို့ပြလေကြောင်း အုပ်ချုပ်ရေးအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဆန်ချန်ဆရီဗူသာက ပြောကြားသည်။ နိုင်ငံအတွင်းရှိ ဆီရမ်ယိ အန်ကောအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အသစ်ဖွင့်လှစ်သည့် တက်ချိုအပြည်ပြည်ဆိုင်ရာလေဆိပ်များကြောင့် နိုင်ငံအတွင်းသို့ နိုင်ငံတကာမှ ခရီးသွားများ အများအပြားရောက်ရှိလာမည်ဖြစ်ပြီး နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များ အများအပြား ပြေးဆွဲမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# ဂျပန်လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် တာကာချီဆာနေး ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရ

တိုကျို အောက်တိုဘာ ၂၁

ဂျပန်အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် တာကာချီဆာနေးသည် အောက်တိုဘာ ၂၁ ရက်တွင် ကျင်းပသည့် ရွေးကောက်ပွဲတွင် လွှတ်တော်နှစ်ရပ်လုံး၌ မဲအနိုင်ရရှိခဲ့ပြီးနောက် ဂျပန်နိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ် ဖြစ်လာခဲ့ကြောင်း သိရသည်။



မဟာမိတ်ပါတီဖြစ်သည့် ဂျပန်တီထွင်ဆန်းသစ်မှုပါတီ၏ ကျောထောက်နောက်ခံဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကာ ညွန့်ပေါင်းအစိုးရကို မကြာမီ ဖွဲ့စည်းမည်ဖြစ်သည်။ အစိုးရအဖွဲ့အတွင်း ၎င်း၏ ပြိုင်ဘက်များအား ဝန်ကြီးများအဖြစ် ခန့်အပ်မည်ဟု သိရသည်။ ယနေ့သည် ဂျပန်နိုင်ငံ၏ စီးပွားရေးခိုင်မာစေရေးနှင့် မျိုးဆက်သစ်များအတွက် တာဝန်ယူနိုင်မည့် နိုင်ငံအဖြစ်ပြောင်းလဲရေးအတွက် အစပြုမည့်နေ့တစ်နေ့ဖြစ်ကာ ယင်းလုပ်ငန်းများ အောင်မြင်စေရေးအတွက် ကြိုးစားဆောင်ရွက်မည်ဟု ဝန်ကြီးချုပ် တာကာချီဆာနေးက ပြောကြားသည်။

ဂျပန်တီထွင်ဆန်းသစ်မှု ပါတီအနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးရေးအတွက်ပြုပြင်ပြောင်းလဲမှုများတွင် ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း မဟာမိတ်ပါတီဖြစ်သည့် ဂျပန်တီထွင်ဆန်းသစ်မှု ပါတီခေါင်းဆောင် ယိုရှိမူရာ ဟီရိုဖူမိက ပြောကြားသည်။ မိမိတို့ပါတီနှစ်ရပ်စလုံးသည် နိုင်ငံဖွံ့ဖြိုးရေးအတွက်ထားရှိသည့် ရည်မှန်းချက်များ တူညီကာ မျိုးဆက်သစ်များအား ဖွံ့ဖြိုးသည့်နိုင်ငံတွင် မွေးဖွားလာသူများအဖြစ် ဂုဏ်ယူရစေရေးဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အထက်လွှတ်တော်တွင် ယှဉ်ပြိုင်ခဲ့ရာ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှ တာကာချီဆာနေးက ဆန္ဒမဲ ၁၂၃ မဲရရှိပြီး ပြိုင်ဘက်ဖြစ်သူ အခြေခံဥပဒေဆိုင်ရာ ဒီမိုကရက်တစ်ပါတီမှ ယိုရှိဟီကိုနိုဒါက ၄၄ မဲသာရရှိခဲ့သည်။

အောက်လွှတ်တော်တွင် ယှဉ်ပြိုင်ခဲ့ရာ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှ တာကာချီဆာနေးက ဆန္ဒမဲ ၂၃၇ မဲရရှိကာ ပြိုင်ဘက်ဖြစ်သူ အခြေခံဥပဒေဆိုင်ရာ ဒီမိုကရက်တစ်ပါတီမှ ယိုရှိဟီကိုနိုဒါက ၁၄၉ မဲရရှိခဲ့သည်။

ယခုဖွဲ့စည်းမည့် ညွန့်ပေါင်းအစိုးရအဖွဲ့တွင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်းနှင့် တာကာချီဆာနေး၏ ပြိုင်ဘက်ဖြစ်သူ မိုတာဂီတိုရှီမစ်ဆုအား နိုင်ငံခြားရေးဝန်ကြီး၊ အစိုးရအဖွဲ့အတွင်းရေးမှူးအဖြစ် မီနိုရူကီဟာရာ၊ ဒေသဆိုင်ရာ ပြန်လည်ရှင်သန်ရေးဝန်ကြီးဟောင်း ကာတာရာမာဆက်ဆုကီအား ဘဏ္ဍာရေးဝန်ကြီး၊ ယိုရှီမာဆာဟာရာရှီအား ပြည်ထဲရေးဝန်ကြီးနှင့် တာကာချီဆာနေး၏ ပြိုင်ဘက်ကိုအိဇုမိရှင်ဂျီရိုအား ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

# အပစ်အခတ်ရပ်စဲရေးရရှိခဲ့ပြီးနောက် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဝင်ရောက်မှုနည်းပါးဟု ဟားမတ်စ်ပြောကြား

ဂျေရုဆလင် အောက်တိုဘာ ၂၁

အစ္စရေးနှင့် ဟားမတ်စ်အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိချိန်ဖြစ်သည့် အောက်တိုဘာ ၁၀ ရက်မှစတင်၍ လက်ရှိအချိန်အထိ ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပါဝင်သည့် ထရပ်ကား ၉၈၀ သာ ဝင်ရောက်ခဲ့ကြောင်း ဟားမတ်စ်မီဒီယာရုံးက အောက်တိုဘာ ၂၁ ရက်တွင် ပြောကြားသည်။

လူသားချင်းစာနာထောက်ထားမှုအကူအညီရရှိမှုနည်းပါးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

## ဆောင်ရွက်နေ

ဆေးရုံများတွင် အသုံးပြုမည့်လောင်စာဆီနှင့် ချက်ပြုတ်ရေးလုပ်ငန်းသုံး ဓာတ်ငွေ့ပါဝင်သည့် ထရပ်ကားများသည် ဒေသအတွင်းသို့ ဝင်ရောက်ခဲ့ပြီး ဒေသခံများ၏ အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်ဆောင်ရွက်နေကြောင်း တာဝန်ရှိသူများက ပြောသည်။ ဂါဇာဒေသတွင်လက်ရှိအချိန်၌ အငတ်ဘေးဆိုက်နေပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးပစ္စည်းများမှာလည်း လုယက်ခံနေရသဖြင့် ဒေသခံများအခက်တွေ့နေကြောင်း သိရသည်။ လက်ရှိအချိန်တွင် ဆေးဝါးနှင့် အစားအသောက်များပါဝင်သည့် ထရပ်ကားများ နေ့စဉ်ဝင်ရောက်မှုရှိသော်လည်း ဒေသခံများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိကြောင်းနှင့် ၎င်းအခြေအနေကို လွန်မြောက်ရန်အတွက် ဒေသန္တရတာဝန်ရှိသူများနှင့် နိုင်ငံတကာ တာဝန်ရှိသူများကြား ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ



# လာအိုနိုင်ငံ၌ လူဦးရေနှင့် အိမ်အကြောင်းအရာဆိုင်ရာ သန်းခေါင်စာရင်းကောက်ယူမည်



ဗီယင်ကျန်း အောက်တိုဘာ ၂၁

လာအိုနိုင်ငံဖွံ့ဖြိုးရေးတွင် လိုအပ်သည့် မူဝါဒများချမှတ်နိုင်ရေးအတွက် ငါးကြိမ်မြောက် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို နိုဝင်ဘာ ၃ ရက်တွင် စတင်ဆောင်ရွက်မည် ဖြစ်ကြောင်း လာအိုအစိုးရ၏ ထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံဖွံ့ဖြိုးရေးအတွက် မူဝါဒများ ချမှတ်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် တိကျမှန်ကန်သည့် အချက်အလက်များကို ကောက်ယူစုဆောင်း ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုကဲ့သို့ သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် နိုင်ငံအတွင်းရှိ လူဦးရေအရွယ်အစား၊ အိမ်ရာအချက်အလက်များ၊ အလုပ်အကိုင်ရရှိမှု အခြေအနေ၊ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အချက်အလက်များနှင့် မှီခိုသူများဆိုင်ရာအချက်အလက်များကို တိကျစွာသိရှိရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆိုနီဆေးဆီဖန်ဒုံးက မြို့တော်ဗီယင်ကျန်းတွင် ကျင်းပသည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းစတင်သည့် အခမ်းအနားတွင် ပြောကြားသည်။ ကောက်ယူရရှိသည့် အချက်အလက်များကို နိုင်ငံသားများအတွက် လူမှုစီးပွားဘဝမြှင့်တင်ရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် အကိုးအကားအဖြစ် အသုံးပြုမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# အာရှဒေသနိုင်ငံများသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် သွားရောက်မည်

တိုကျို အောက်တိုဘာ ၂၁

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ယခုလနှောင်းပိုင်းတွင် အာရှဒေသနိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

## တက်ရောက်မည်

မလေးရှား၊ ဂျပန်နှင့် အခြားအာရှဒေသနိုင်ငံများသို့ သွားရောက်မည်ဖြစ်သည်။ ၎င်းသည် မလေးရှားနိုင်ငံတွင် အောက်တိုဘာ ၂၆ ရက်၌ ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း ဂျပန်နိုင်ငံတွင် ဂျပန်ဝန်ကြီးချုပ် တာကာချီဆာနေးနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကာ တိုကျိုအနီးရှိ ရေတပ်စခန်းမှ အမေရိကန်တပ်ဖွဲ့ဝင်များအား မိန့်ခွန်းပြောမည်ဖြစ်ပြီး ဂျပန်နိုင်ငံမှတစ်ဆင့် တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ပြီး အေပက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသားနှစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၁**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် မဲ့ထော်သလေး (KK Park) နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသားနှစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Administrative and Technical Staff Mr. Andrew Labrador Agrafvante နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၅၅၁ ဦးကိုစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၈ ရက်တွင် မြဝတီမြို့နယ် အမှတ် (၁) ချစ်ကြည်ရေးတံတား၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်မျက်ရတနာဟု ယူဆရသော ကျောက်ခွဲသား၊ ဆွဲကြိုးများနှင့် လက်ကောက်များ အပါအဝင် ကျောက်မျက်ရတနာ ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ Toyota Lexus ယာဉ် တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ကျောက်မျက်ရတနာဟု ယူဆရသော ကျောက်ခွဲသားများ၊ ဆွဲကြိုးများနှင့်လက်ကောက်များ

ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၈ ရက်တွင် စစ်ကိုင်းမြို့နယ်နှင့် မုံရွာမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၇ ရက်တွင် ဖြူးမြို့နယ်၊ ပေါင်းတည်မြို့နယ်နှင့် ပြည်မြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၄၇၉ တန်နှင့် မီးသွေး ၄၅ ပေါင်ဝင် ၁၅ အိတ် (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်၁၄၂၅၈၄၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်နှင့် ၁၈ ရက်တို့တွင် တောင်ကြီးမြို့နယ် ရပ်စောက်-ရွှေညောင်လမ်းအနီး၌ ယာဉ်ခုနစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၁ မျိုး၊ လူသုံးကုန်ပစ္စည်း ၂၀၊ စားသောက်ကုန်ပစ္စည်း ၁၅မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၇၆၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jinbei Mini Bus နှစ်စီး၊ Foton Mini Bus တစ်စီး၊ Zeya Light Truck တစ်စီး၊ လိုင်စင်မဲ့ Toyota Alphard နှစ်စီး၊ Toyota Noah တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၇၆၃၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၅၈၈၄၀) ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေး ကဏ္ဍအပေါ် များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်း တရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

**အရေးယူဆောင်ရွက်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Frank William Abianail” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ရပ်ကွက်နေ မင်းပိုင်စိုးအား ညနေ ၄ နာရီ ၁၅ မိနစ်တွင် မြိတ်မြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန်စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ e-Government လူ့စွမ်းအားအရင်းအမြစ် အရည်အသွေးမြှင့်တင်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ

**မုံရွာ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး e-Government စနစ်အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် e-Government လူ့စွမ်းအားအရင်းအမြစ် အရည်အသွေးမြှင့်တင်ရေးသင်တန်း အပတ်စဉ်(၃)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး e-Government စနစ်အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအနေဖြင့် ယခုသင်တန်းက သင်ကြားပို့ချပေးမည့် သင်ခန်းစာများကို အပတ်တကုတ် ကြိုးစားလေ့လာသွားကြရန်နှင့် မိမိတို့၏ ကြိုးစားအားထုတ်မှုဖြင့် တိုင်းဒေသကြီး၏ e-Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားပြီး ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ပါမောက္ခချုပ်ထံ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်သည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ပါမောက္ခချုပ်က e-Government လူ့စွမ်းအားအရင်းအမြစ် အရည်အသွေးမြှင့်တင်ရေးသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။




အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနများမှ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ကြာဖွင့်လှစ်၍ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၁**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ယမန်နေ့က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝန်ထမ်းများအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးများ မဆုံးရှုံးစေရေးနှင့် မိမိနေထိုင်သည့်မြို့နယ်မှ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများသို့ သွားရောက်ပြီး မိမိတို့၏ မဲစာရင်း ကျန်ရှိမှုမရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကာ နိုင်ငံ့သားကောင်းများ ပီသစွာဖြင့် တစ်ဦးမကျန် သက်ဆိုင်ရာ မဲရုံများသို့ သွားရောက်မဲပေးကြရန် လိုအပ်ပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများ၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်)အတွင်းရှိ ရိုးရာအိမ်များနှင့် ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးကာ ဒုတိယဝန်ကြီးက ဝန်ထမ်းများ စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ(ရန်ကုန်) ဝင်ငွေ ပိုမိုတိုးတက်ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မူလခန့်မှန်းလျာထားငွေအပေါ် အောက်တိုဘာ ၁၉ ရက်အထိ ကောက်ခံငွေရရှိမှုသည် ၈၉ ဒသမ ၂၅ ရာခိုင်နှုန်းရှိသည့်အတွက် ဝင်ငွေတိုးတက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် ဂျိုင်း(ဇာသပြင်) တံတားတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၁**

မွန်ပြည်နယ်အတွင်း တည်ဆောက်လျက်ရှိသည့် တံတားလုပ်ငန်းများကို ယမန်နေ့က ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးတင်စန်းနိုင်နှင့်အတူ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီး အပိုင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဂျိုင်း(ဇာသပြင်) တံတားသစ် တည်ဆောက်ရေး လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက Stay Cable သံမဏိကြိုးတပ်ဆင်ခြင်းလုပ်ငန်း၊ သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ချဉ်းကပ်လမ်း ဆောင်ရွက်နေမှု၊ လက်ရှိ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် ဒုတိယဝန်ကြီးက ယခုတံတားသစ် တည်ဆောက်ရေး လုပ်ငန်းသည် မြန်မာအင်ဂျင်နီယာများအတွက် နည်းပညာအတွေ့အကြုံများရရှိသည့်အတွက် များစွာအကျိုးရှိပါကြောင်း၊ လုပ်ငန်းများ အချိန်မီပြီးစီးရန် လုပ်ငန်းစီမံချက်အတိုင်း တိကျစွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားပြီး တံတားတည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ဂျိုင်း(ဇာသပြင်) တံတားကို JICA ODA Loan ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တံတားအမျိုးအစားမှာ သံမဏိကြိုးဆိုင်းတံတား(Cable-stayed Bridge) ဖြစ်၍ တည်ဆောက်ပြီးစီးပါက လက်ရှိ မြန်မာနိုင်ငံတွင် ခန်းဖွင့်အကျယ်ဆုံး တံတားဖြစ်လာမည်ဖြစ်သည်။

ထို့ပြင် ဂျိုင်း(ဇာသပြင်) တံတားတည်ရှိသည့် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးသည် မြန်မာ၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ် စသည့် အာဆီယံနိုင်ငံများအကြား အဓိက ဆက်သွယ်သော လမ်းမကြီးဖြစ်သည့်အတွက် တိုးတက်များပြားလာသည့် ယာဉ်စီးရေ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရန်နှင့် တန် ၆၀ ကားများ ဖြတ်သန်းသွားလာနိုင်စေရန် အဓိကရည်ရွယ် အဆင့်မြှင့်တင်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





ကံမမြို့မဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်ရေးပစ္စည်းများဆောင်ရွက်ထားရှိမှု၊ ဈေးအတွင်း မီးဘေးသတိမူရေးဆောင်ရွက်ထားရှိမှု အခြေအနေများအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲညွန့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေးတာဝန်ရှိသူများက အောက်တိုဘာ ၂၁ ရက်တွင်ပူးပေါင်းစစ်ဆေးဆောင်ရွက်ခဲ့ကြစဉ်။

**လင်းခန့်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၃၅) ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၂၁**

အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၃၅) သင်တန်းဖွင့်ပွဲကိုယနေ့ နံနက် ၇ နာရီခွဲတွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်) ရှိ ရတနာသိင်္ဃခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



သင်တန်းတွင် ပါမောက္ခချုပ်က အဖွင့်အမှာစကား ပြောကြားပြီး အဆိုပါသင်တန်းကိုအောက်တိုဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၃၄ ဦး၊ သင်တန်းသူ ၁၈၁ ဦး စုစုပေါင်း ၃၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး၊ အခြေခံစားသောက်ကုန်များ ပေးအပ်



**နေပြည်တော် အောက်တိုဘာ ၂၁**

စစ်တွေမြို့နယ်အတွင်း အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်ချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ပြုလုပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အငြိမ်းစားဝန်ထမ်းများအား မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းများက ပင်စင်လစာထုတ်ပေးနိုင်ရန်အတွက် လိုအပ်သောစိစစ်မှုများဆောင်ရွက်ပေးနေမှုနှင့် ပင်စင်လစာထုတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာနဝန်ထမ်းများ၊ စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများက အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အငြိမ်းစားဝန်ထမ်းများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်သည့် ဆန်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ပုသိမ်ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်ကုသနေသည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးလူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



**ပုသိမ် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပုသိမ်မြို့သို့ ရောက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက၊ အဖွဲ့ဝင်များနှင့်အတူ ပုသိမ်ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်ကုသနေသည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးလူနာ ၆၄ ဦးအား ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းကြပြီး အားပေးစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့ ရာရွှေဝါခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ပြုလုပ်သည့် ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်လုပ်ငန်းများရှင်းလင်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြည်ကြည်ထွန်းက ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ဆောင်ရွက်ထားရှိသည့် ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့တော်ခန်းမတွင် ပြသထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs) ပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မိုင်းရှူးမြို့၌ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**မိုင်းရှူး အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်တွင် ပင်စင်လာရောက်ထုတ်ယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းပင်စင်စားများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက်ပိုင်းက မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ဇင်ထွန်း ဦးဆောင်၍ သူနာပြု ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား မှတ်တမ်းစာရင်း ရေးသွင်း၍ သွေးပေါင်ချိန်ခြင်း၊ ဆီးချို၊ သွေးချိုစစ်ပေးခြင်း၊ သွေးတွင်းအောက်ဆီဂျင်တိုင်းတာခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အထွေထွေရောဂါလူနာများအား လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းလူ(ပြန်/ဆက်)**



## လက်ပံတန်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှု အလှူငွေများလှူဒါန်း



**လက်ပံတန်း အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လက်ပံတန်းမြို့နယ် အငြိမ်းစား ဝန်ထမ်းများအသင်းနှင့် အလှူရှင်များက အလှူငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးထွန်းမြင့်က အမှာစကားပြောကြားပြီး လက်ပံတန်းမြို့နယ် အငြိမ်းစား ဝန်ထမ်းများအသင်း ဥက္ကဋ္ဌ ဦးခင်အောင်က အလှူငွေများလှူဒါန်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လက်ပံတန်းမြို့နယ် အငြိမ်းစားဝန်ထမ်းများအသင်းက အလှူငွေကျပ် ၁၀ သိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးမိုးက ကျပ် ၁၀၀၀၀၀၊ ဦးခင်အောင်က ကျပ် ၁၀၀၀၀၀၊ ဦးတင်စိုးရှိန် (ဒုရဲမှူး-ငြိမ်း)က ကျပ် ၁၀၀၀၀၀ လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လစဉ် ၂၁ ရက်တွင် ဆောင်ရွက်ပေးလျက်ရှိရာ လက်ပံတန်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၂၇၀၀ ကျော်ရှိပြီး ယနေ့တွင် ၉၈ ဦးကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တပ်ကုန်းမြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ ဆောင်ရွက်ပေး

**တပ်ကုန်း အောက်တိုဘာ ၂၁**

ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကုသရေးဦးစီးဌာနက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာလာရောက်ထုတ်ယူကြသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်ပေးခဲ့သည်။



အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် တပ်ကုန်း ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံအုပ် ဒေါက်တာ ညွန့်ရွှေအောင်ကြီးကြပ်၍ အထူးကုဆရာဝန်များ၊ အထွေထွေဆရာဝန်၊ ကျန်းမာရေးဆရာ ဆရာမများနှင့်ဝန်ထမ်းများ စုစုပေါင်း ၂၀ ဖြင့် မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လစာများ လာရောက် ထုတ်ယူကြသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား စာရင်းမှတ်တမ်း ရေးသွင်းခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ဆီးချို၊ သွေးချိုရောဂါ စစ်ဆေးပေးခြင်း၊ ဒူးနာ၊ ခါးနာရောဂါများ၊ အရိုးရောဂါ၊ သွားရောဂါများနှင့် အထွေထွေရောဂါများ စစ်ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး လာရောက်ပြသသည့် ရောဂါဝေဒနာရှင် စုစုပေါင်း ၁၁၅ ဦးတို့အား ရောဂါဝေဒနာအလိုက် ဆေးဝါးများ ပေးအပ်ကာ ကျန်းမာရေးအခမဲ့ စောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံ

## အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံကြီးတို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၁**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter– Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည် လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား ကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံကြီးတို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထို့ပြင် သီပေါမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် စတင်ကျောင်းအပ်လက်ခံခဲ့ရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၁၁၂ ဦး ရှိကြောင်းသိရသည်။ အဆိုပါ ကျောင်းအပ်နှံသည့် ကျောင်းသားကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို စတင်ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သီပေါမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## အလုံမြို့နယ်၌ မြို့နယ်အဆင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် သစ်တောရပ်ကွက် ကမ်းနားလမ်းရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုတို့က အမှာစကားပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုလွှာနှင့် "စာဖတ်ခြင်း၏ အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် ဟောပြောမည့် စာရေးဆရာမ ပေါက်ပေါက်အား ဂုဏ်ပြုလက်ဆောင်များကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြကာ စာရေးဆရာမပေါက်ပေါက်က "စာဖတ်ခြင်း၏အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် စာပေဟောပြောသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် ဦးဆောင်သူအဖြစ် မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်ကဆောင်ရွက်ပြီး အမှတ် (၇)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် Social Media၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်စာပေ ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ဆက်လက်၍ မူလတန်းအဆင့်ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အလယ်တန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲနှင့် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲများတွင်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး မြို့နယ်တိုင်းရင်းဆေးကုဌာနက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တိုင်းရင်းဆေးဖြင့်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သထုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**သထုံ အောက်တိုဘာ ၂၁**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတမြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက သိမ်ကုန်းရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း လှမဉ္ဇူခန်းမ၌ ကျင်းပသည်။

စကားဝိုင်းတွင် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးဦးတို့က လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့် အားကစား၊ မိမိအနှစ်သက်ဆုံး စာအုပ်တစ်အုပ် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြရာ အစီအစဉ် တင်ဆက်သူက ပြန်လည်ဖြည့်စွက် ဆွေးနွေးပေးခဲ့သည်။



ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ စကားဝိုင်းတွင် ပါဝင် ဆွေးနွေးသူတို့က ဖြေကြားပေးခဲ့ကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှငွေးက စကားဝိုင်းနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးပေးသည်။

အဆိုပါ အခမ်းအနားသို့ အထက(၂)သထုံမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူတို့က ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကြည့်မြင်တိုင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကြည့်မြင်တိုင်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း စကားဖြူခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းစိုးကမုဒိတာစကားပြောကြားသည်။

ယင်းနောက်ဟောပြောပွဲတွင် စာရေးဆရာမတင့်တယ်ခင်က စာဖတ်ခြင်းအကျိုးကျေးဇူးကိုဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူ



ခြောက်ဦးတို့က လူငယ်ဆိုင်ရာ ခေါင်းစဉ်များဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းမော်က ကျေးဇူးတင်စကားပြောကြားပြီး စာရေးဆရာမတင့်တယ်ခင်နှင့် စာပေစကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**



## မကွေးမြို့၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

မကွေး အောက်တိုဘာ ၂၁

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကာ အလက(ရဲကျောင်း)၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် မကွေးမြို့ အလက(ရဲကျောင်း)မှ ကျောင်းအုပ်ဆရာကြီး ဦးခွန်ဇာလတ်က အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများ သိသင့်သိထိုက်သော လူငယ်ဆိုင်ရာ အသိပညာများကို ဟောပြောသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က လူငယ်များ၏ ရည်မှန်းချက် အတတ်ပညာတတ်ဖို့သာမက အသိပညာတတ်ဖို့ပါ စာပေဖတ်ရှုကြရန်၊ လူငယ်နဲ့စာရိတ္တ ခေါင်းစဉ်များဖြင့် ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်ကျန်းမာရေး အကြောင်းအရာများကို ဟောပြောပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ၊ ရသ စာအုပ်များခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## ကလောခရိုင်ပြည်သူ့ဆေးရုံကြီးတွင် သုံးထပ်လူနာဆောင်အသစ်ဆောက်လုပ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

ကလော အောက်တိုဘာ ၂၁

ကလောခရိုင်ပြည်သူ့ဆေးရုံကြီး ဆေးကုသမှုလုပ်ငန်းများ ပိုမိုအဆင့်မြင့်တင်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရပြည်သူ့ဆေးရုံကြီးတွင် သုံးထပ်လူနာဆောင်အသစ်ဆောက်လုပ်နိုင်ရေး အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။



ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် နေပြည်တော် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ/ဘဏ္ဍာ) ဒေါက်တာကျော်ဇေယျ၊ အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ကလောခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုလုပ်ငန်းများ ပိုမိုအဆင့်မြင့်တင်နိုင်ရေးအတွက် စံကိုက်ခွဲစိတ်ခန်းပါရှိသော သုံးထပ်လူနာဆောင်အသစ်ဆောက်လုပ်ရန်မြေနေရာ ကြည့်ရှုပြီး Site Plan ရေးဆွဲခြင်းနှင့် လက်ရှိအသုံးပြုနေသော နှစ်ထပ်လူနာဆောင်သို့ လူနာများ၊ အောက်စီဂျင်အိုးများ အတင်အချပြုလုပ်ရာတွင် လွယ်ကူအဆင်ပြေစေရန် Toolley way slope ထည့်သွင်းရန်အတွက် မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း စုဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနား ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းလင်းနိုင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းအေးက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာ သက်ဝေမောင်က စာဖတ်ရှိန်မြှင့်တင်ရေးခေါင်းစဉ်ဖြင့် စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

အဆိုပါ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနားတွင် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများကိုလည်းကျင်းပပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြကာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စာရေးဆရာအသင်းမှ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်သို့ သုတ၊ ရသ စာအုပ်စာစောင်များ လှူဒါန်းရာ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ငွေးက လက်ခံရယူသည်။

ထို့ပြင် ဂိမ်းကစားနည်းပြိုင်ပွဲ၊ စာအုပ်စာစောင်ပြပွဲများ၊ နံရံကပ်စာစောင်ပြပွဲများကိုလည်း ကျင်းပကြကြောင်း သိရသည်။

**နေမျိုးအောင်(ဒဂုံတောင်)**



## မိုးညှင်းတက္ကသိုလ်၌ ဆရာ ဆရာမများအား အရည်အသွေးမြှင့် မွမ်းမံသင်တန်းဖွင့်

မိုးညှင်း အောက်တိုဘာ ၂၁

ကချင်ပြည်နယ် မိုးညှင်းတက္ကသိုလ်တွင် အခြေခံပညာအထက်တန်းအဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေးအတွက် အရည်အသွေးမြှင့်မွမ်းမံသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၈ ရက်က တက္ကသိုလ်ရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနိုင်နိုင်လတ်က သင်တန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်ကျော်က သင်တန်းတက်ရောက်လာကြသည့် ဆရာ ဆရာမများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်ပညာရေးမှူးရုံးမှ ခရိုင်ပညာရေးမှူး ဦးမွန်ကျော်မြင့်က သင်တန်းသို့ တက်ရောက်လာသည့် မိုးညှင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့မှ ဆရာ ဆရာမများ စုစုပေါင်း ၁၅၁ ဦးအား သင်တန်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအား သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချနေမှု အခြေအနေများကို တက္ကသိုလ်ပါမောက္ခချုပ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်မှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခ(ဌာနမှူး)တို့က လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ရွှေမိုးညှင်း**

## ကျိုက်ထိုမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေး

ကျိုက်ထို အောက်တိုဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ကျိုက်ထိုမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးရာတွင် ကျိုက်ထိုမြို့နယ် အထောင်နယ်မြေ မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးရဲလွင်ဦး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက အထောင်မြို့ အမှတ်(၄)ရပ်ကွက်ရှိ မြတ်မေတ္တာမွန် စက်သုံးဆီအရောင်းဆိုင်တွင် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ၊ မီးသတိပေးစာတမ်းများ၊ မီးသတ်ဆေးဘူး၊ မီးသတ်စက်နှင့် အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းများ အသင့်အသုံးပြုနိုင်ခြင်း ရှိ/မရှိ တို့ကို စစ်ဆေးခဲ့သည်။



ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများ ပူးပေါင်းကာ မီးဘေးအန္တရာယ် ပေါ်ပေါက်လာပါက အောက်ဆီဂျင်ဖြတ် မီးငြိမ်းသတ်နည်းနှင့် မီးသတ်ဆေးဘူးအသုံးပြုမီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

## လမ်းမတော်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ စာပေဟောပြောပွဲ ကျင်းပ



ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ စာပေဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြတ်ပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ စာရေးဆရာ မောင်ရိုး(ငဖဲမြေ)က အာစရိယ ဆရာ ဆရာမတို့၏ ကျေးဇူးဂုဏ်ရည်ကြီးမားခြင်းအကြောင်းကို ဆွေးနွေးဟောပြောသည်။ ဆက်လက်၍ စာရေးဆရာ မောင်ရိုး(ငဖဲမြေ)က ကိုယ်တိုင်ရေးသားခဲ့သည့် "လွမ်းရတမ်းတပ့်ါငဖဲမြေ" စာအုပ်ပါ ဆောင်းပါးအကြောင်းမျှဝေကာ ကျောင်းသား ကျောင်းသူများနှင့် ဆောင်းပါးအကြောင်း ပြန်လည်ဆွေးနွေးသည်။

ဆက်လက်၍ စာရေးဆရာ မောင်ရိုး(ငဖဲမြေ)က အထက(၂) လမ်းမတော် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းခဲ့ကြောင်း သိရသည်။ **အောင်ကျော်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်များ ဆက်လက်ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပဒုမ္မာအားကစားကွင်း၊ တောင်ဒဂုံ အားကစားကွင်း၊ သီဟဒီပ အားကစားကွင်းနှင့် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)တို့၌ ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဧရာဝတီတိုင်းဒေသကြီး အသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် လည်းကောင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းရှိ တောင်ဒဂုံ အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက ခြောက်ဂိုး - ဂိုးမရှိဖြင့် လည်းကောင်း၊ သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ မွန်ပြည်နယ်အသင်းက သုံးဂိုး - ဂိုးမရှိဖြင့် လည်းကောင်း၊ သဃ်္ဃန်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)၌ စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

**ယှဉ်ပြိုင်ကစားကြမည်ဖြစ်**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅) နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ အဖြစ် အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်း၌ ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ သဃ်္ဃန်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)၌ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




# သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၅) ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည့် သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၅) စာအုပ်သည် ပြည်သူများ အသိဉာဏ်ဗဟုသုတပြည့်စုံစေရန်၊ ပြန်တမ်းဝင်အရာရှိ အဆင့်(စတင်ခန့်) စာမေးပွဲများနှင့် အခြားဝင်ခွင့်စာမေးပွဲများ ဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်၊ သိရှိလိုသည့်အချက်အလက်များကို တစုတစည်းတည်း ရှာဖွေလေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်မှစတင်ကာ နှစ်စဉ်ထုတ်ဝေခဲ့သောစာအုပ်ဖြစ်သည်။

ယခု ၂၀၂၅ ခုနှစ်ထုတ် စာအုပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များ၊ ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ မြန်မာနိုင်ငံတွင် ပြင်းထန်စွာ လှုပ်ခတ်ခဲ့သော မြေလျင်ကြီးများ၊ နိုင်ငံတကာပဋိပက္ခဖြစ်ပွားမှုမှတ်တမ်းအကျဉ်း၊ မြန်မာ့ရေးရာနှင့်ပတ်သက်သည့် အချက်အလက်များ၊ နိုင်ငံတကာရေးရာ သိမှတ်ဖွယ်ရာများ၊ သံတမန်ရေးရာ သိမှတ်ဖွယ်ရာများ၊ ကမ္ဘာ့အထွေထွေသိမှတ်ဖွယ်ရာများ၊ ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများကို ထည့်သွင်းဖြည့်စွက်ဖော်ပြထားသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာ အချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများလည်း ပါရှိသည့်အတွက် ဗဟုသုတရှာမှီးလိုသူများ၊ ဝင်ခွင့်စာမေးပွဲဖြေဆိုမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ဖြစ်သည့်အပြင် အနာဂတ်နိုင်ငံတော်အတွက် လူချွန်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူပြုမည့်စာအုပ်ဖြစ်သဖြင့် အိမ်တိုင်းရှိစာအုပ်စင်တိုင်းတွင် ဆောင်ထားသင့်သည့်စာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အောက်တိုဘာလ၌ ဝူဖရီးစက္ကူဖြင့်ထုတ်ဝေပြီး နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ ဖုန်း ၀၆၇-၃၄၁၂၃၇၁ နှင့် စာပေဗိမာန်အရောင်းဆိုင်တို့တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ အမှတ် (၂၂/၂၄) ပန်းဆိုးတန်းလမ်း (အောက်) ကျောက်တံတားမြို့နယ် ဖုန်း ၀၁-၈၃၈၄၈၁၃၊ ၀၁-၈၃၇၁၃၄၂၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် လည်းကောင်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(ပုသိမ်) ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်



**ပုသိမ် အောက်တိုဘာ ၂၁**

သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(ပုသိမ်) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် နေ့လယ်စာမိတ်ဆုံစားပွဲ အခမ်းအနားကို ယနေ့နေ့လယ်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် သမဝါယမဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးမင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက လက်မှတ်ရစီးပွားရေး စာရင်းကိုင်ပညာသင်တန်း ပထမနှစ် တက်ရောက်ပြီး အောင်မြင်သည့် ဂုဏ်ထူးရသင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၄၇ ဒသမ ၁၈ သိန်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **မေချို**

# အားကောင်းသောလေဖိအားနည်းရပ်ဝန်းအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၁**


ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၂ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း(အိန္ဒိယနိုင်ငံ တမီးနာဒူးမြောက်ပိုင်းကမ်းလွန်နှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေ)တို့၌ မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် အနောက်- အနောက်မြောက်ဘက်သို့ဆက်လက်ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာ ၂၃ ရက်တွင် အိန္ဒိယနိုင်ငံ တမီးနာဒူးမြောက်ပိုင်းနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်း ကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# အပူပိုင်းမုန်တိုင်း "ဖန်ရှန်" အခြေအနေ

